


# CBCM Herald

စီဘီစီအမ် သတင်းဂျာနယ်

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၈၀၈

(၁၅)ရက်၊ စက်တင်ဘာလ၊ ၂၀၁၆

အတွဲ(၁)၊ အမှတ်(၁၀)




## တောင်ကြီးဂိုဏ်းချုပ်ဆရာတော်ပလ္လင်အပ်နှင်းခြင်း

## ...ဇာ ..(၁၀)







ကမ္ဘာအရပ်ရပ်သို့သွားကြ၍ဧဝံဂလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွိုစ်ကျာခု

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရှိစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဝိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

## စက်တင်ဘာလအတွက် ရဟန်းမင်းကြီး၏ဆုတောင်းရန် ရည်ရွယ်ချက်

**ကမ္ဘာတစ်ဝှမ်းလုံးအတွက်ဆုတောင်းရန်ရည်ရွယ်ချက်မှာ-**
လူအများကောင်းကျိုးအတွက် လူသားတစ်ဦးစီပါဝင်ခြင်းနှင့်လူပုဂ္ဂိုလ်ကိုအဓိကထားသောလူမှုရေးအဖွဲ့အစည်းများတည်ဆောက်နိုင်ရန်။

**သာသနာတော်အတွက်ဆုတောင်းပေးရန်ရည်ရွယ်ချက်မှာ-**
ခရစ်စတီယာန်တို့သည်ကိုယ်တော်မြတ်ဆိုင်ရာဝတ်ပြုခြင်းများ၌ပါဝင်ခြင်းနှင့်သမ္မာကျမ်းစာကိုထောက်ရှုခြင်းဖြင့်မိမိတို့၏သာသနာပြန့်ပွားရေးလုပ်ငန်းဆောင်တာကိုပိုမိုသတိမူနိုင်စေရန်။

# စည်းလုံးခြင်းအတွက်ကက်သလစ်သာသနာတော်

ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၃ ရက် အထိ မြန်မာနိုင်ငံသမိုင်းတွင် အလွန် အရေးပါသော ညီလာခံ ကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ထိုညီလာခံကြီးအတွက် ကျွန်ုပ်တို့ အနေနှင့် များစွာ အားရကျေနပ် ဂုဏ်ယူပါသည်။

တိုင်းရင်းသားများအတွက် တရားမျှတခြင်းဖေါ်ဆောင်ရန် လက်နက်ဖြင့် အဖြေရှာရင်း ပြည်တွင်း စစ်မီး တောက်လောင်ခဲ့သည်မှာ ရာစုတစ်ဝက်ကျော်ခဲ့ပါပြီ။ သို့သော် တရားမျှတမှုသည် ကျည်ဆံများ အကြား ယမ်းငွေ့များအောက်တွင် ပျောက်ကွယ်နေဆဲ ဖြစ်သည်။ စစ်၏ဆိုးကျိုးများကို တိုင်းရင်းသား များကသာ အများဆုံးခံစားခဲ့ကြရသည်။ စိမ်းစိုလန်းဆန်းသော တောင်တန်းများသည် စစ်မြေပြင် ဖြစ်ခဲ့ ရသည်။ သုသာန်တစ်စပြင် ဖြစ်ခဲ့ရသည်။ တရားမျှတရေးနှင့် ငြိမ်းချမ်းရေးကို စစ်ပွဲများက ဖေါ်ဆောင် ပေးနိုင်စွမ်း မရှိသည်ကို အထင်အရှား တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။

တရားမျှတခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ပြန်လည်ကျေအေးခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့သည် အရေးတကြီးလိုအပ်နေသော အရာများဖြစ်သည်။ ကျွန်ုပ်တို့၏နလုံးသားတွင် ဆုံးရှုံးခြင်းများ၊ နာကျည်း ခြင်းများ၊ ဝမ်းနည်းကြေကွဲခြင်းများနှင့်အတူ အာဃာတများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း သယ် ဆောင်လာခဲ့ကြသည်။ ဤဝန်ထုပ်ဝန်ပိုးကို လက်ဆင့်ကမ်းနေဦးမည်လား၊ တရားမျှတခြင်းနှင့် ငြိမ်းချမ်း ခြင်းတို့ကို အမွေထားခဲ့မည်လားဆိုသည်ကို ကျွန်ုပ်တို့ ရွေးချယ်ကြရတော့မည်။

တိုင်းရင်းသားများအားလုံး ငြိမ်းချမ်းစွာ စုပေါင်းနေထိုင်နိုင်စွမ်းရှိကြောင်းကို ကက်သလစ် ခရစ်ယာန် အသင်းတော်မှ သက်သေခံနေသည်။ ကက်သလစ်အသင်းတော်တွင် လူမျိုးခွဲခြားခြင်းမရှိသလို အားလုံးတို့သည် တန်းတူ ရည်တူဖြစ်သည်။ ရှင်ပေါလုက ဂါလာဆီယာဩဝါဒစာ ၃း၂၈ တွင် ရှင်းလင်းစွာ မှာကြားခဲ့သည်။ "ခရစ်တော်၌ ဂျူးလူမျိုးနှင့်ဂရိလူမျိုးဟူ၍ မရှိ။ ကျေးကျွန်နှင့် လွတ်လပ်သူဟူ၍မရှိ။ ယောကျ်ားနှင့် မိန်းမဟူ၍လည်း မရှိတော့ပေ။ အကြောင်းမူကား သင်တို့အားလုံးသည် ယေရှုခရစ်တော်၌ တစ်လုံးတစ်ဝတည်း ဖြစ်ကြ၏။" လက်ရှိမြန်မာပြည် ကက်သလစ်ခရစ်ယန်သာသနာတော်သည် တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား ဟန်ချက်ညီစွာ လှုပ်ရှားနေသည်ကို တွေ့မြင်နိုင်သည်။ မြန်မာပြည် ကက်သလစ်ခရစ်ယာန်အသင်းတော်၏ စည်းလုံးညီညွတ်ခြင်းသည် တစ်နိုင်ငံလုံး စည်းလုံး ညီညွတ်ခြင်းအတွက် ပြယုဂ်တစ်ခုဖြစ်နေသည်ကို ငြင်းပယ်နိုင်မည်မဟုတ်ပါ။

တရားမျှတရေးနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှု အားလုံးကို ဘုရားသခင် ကောင်းကြီးပေးပြီး ရလဒ်ကောင်းများ ရရှိနိုင်ပါစေကြောင်း ဆက်လက်ပြီး ဝိုင်းဝန်းဆုတောင်းပေးကြပါရန် တိုက်တွန်းလိုက်ပါသည်။ (အယ်ဒီတာချုပ်)

## ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့် online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

## စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေး မှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်း ကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)




# ဘုရားသခင်၏ဖန်ဆင်းခြင်းအားထိန်းသိမ်းစောင့်ရှောက်ရန် အထူးဆုတောင်းအပ်သောနေ့ သတ်မှတ်



ဩဂုတ်လ (၂၈) ရက် တနင်္ဂနွေနေ့က အန်ဂျေလူးမေတ္တာ ရွတ်ဆိုချိန်၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အရှင်သူမြတ်က ကြာသပတေးနေ့ စက်တင်ဘာလ (၁) ရက်နေ့ကို နှစ်စဉ်နှစ်တိုင်း ဘုရားသခင်၏ ဖန်ဆင်းခြင်းအား ထိန်းသိမ်းစောင့်ရှောက်ရန်အထူးဆုတောင်းအပ်သောနေ့ အဖြစ်သတ်မှတ်ထားကြောင်း ပြန်လည်၍သတိပေးခဲ့ပါသည်။ ဘုရားသခင်၏ ဖန်ဆင်းခြင်းအား ထိန်းသိမ်းစောင့်ရှောက်ရန်အထူးဆုတောင်းအပ်သောနေ့ကို ဩသိုဒေါ့အသင်းတော်၌ ၁၉၈၉ ခုနှစ်မှာပင် စတင်ခဲ့ပြီးဖြစ်ပါသည်။ ကက်သလစ် သာသနာတော်အနေဖြင့် စက်တင်ဘာလ (၁) ရက်နေ့ကို Day of Prayer for Care of Creation အဖြစ် သတ်မှတ်ကြောင်း၂၀၁၅ ခုနှစ် ဩဂုတ်လ (၆) ရက်နေ့ နေ့စွဲဖြင့် ရဟန်းမင်းကြီး ရုံးတော်ဆိုင်ရာ တရားမျှတရေးနှင့် ငြိမ်းချမ်းသာယာရေးကောင်စီဥက္ကဋ္ဌ Cardinal Peter Turkson နှင့် ခရစ်ယာန်များ စည်းလုံးညီညွတ်မှုမြှင့်တင်ရေး ကောင်စီဥက္ကဋ္ဌ Cardinal Kurt Koch တို့အားလိပ်မူ၍ အရှင်သူမြတ်က ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုန်ပြန်ချက်၌ အရှင်သူမြတ်က ဘုရားသခင်၏ ဖန်ဆင်းခြင်းအား ထိန်းသိမ်း စောင့်ရှောက် သူများအဖြစ် လူတိုင်း ခေါ်တော်မူခြင်း ခံကြရသည်ကို ထပ်လောင်းအတည်ပြုပေးရန်၊ ကျွန်ုပ်တို့၏စောင့်ရှောက်မှုအောက်သို့ အပ်နှံခဲ့သော အံ့ဩဖွယ် လက်ရာတော်အတွက် ဘုရားသခင်အား ကျေးဇူးဆပ်တင်ရန်၊ ဖန်ဆင်းခြင်းအား ကာကွယ်ပေးရာ၌ ဘုရားသခင်၏ ကူညီစောင်မမှုကို တောင်းခံသကဲ့သို့၊

ကျွန်ုပ်တို့နေထိုင်ရာလောကကမ္ဘာကြီးအား ကျွန်ုပ်တို့ပြုသော အပြစ်များ အတွက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းတောင်းခံရန်၊ ယုံကြည်သူတစ်ဦးစီနှင့် အဖွဲ့အစည်းများအတွက် သင့်လျော်သော အခွင့်အလမ်းများအား နှစ်စဉ်နှစ်တိုင်း ဘုရားသခင်၏ ဖန်ဆင်းခြင်းအား ထိန်းသိမ်းစောင့်ရှောက်ရန် အထူးဆုတောင်း အပ်သောနေ့မှ ကျေးဇူးတော် သွန်းလောင်းပေးမည် ဖြစ်ပါသည်။

ဘဝအသက်တာကို ကာကွယ်စောင့်ရှောက်ရန်၊ သဘာဝ ပတ်ဝန်းကျင်ကို အလေးထားရန် တူညီသော ဆက်ကပ်မှုဖြင့် ခွန်အားဖြည့်တင်းစေရန် အခွင့်အလမ်းတစ်ခုအဖြစ် ဘုရားသခင်၏ဖန်ဆင်းခြင်းအား ထိန်းသိမ်းစောင့်ရှောက်ရန် စက်တင်ဘာလ (၁) ရက်နေ့၌ ညီအစ်ကို ဩသိုဒေါ့အသင်းတော်နှင့်အတူ ဆုတောင်းကြသည်ဟု ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်က မြွက်ကြားခဲ့ပါကြောင်း ဗာတီကန်ရေဒီယိုသတင်းအရ သိရှိရပါသည်။ **(RVA)**

# အီတလီငလျင်ဘေးဒဏ်သင့်သူများအတွက်ဆုတောင်းပေးကြရန်ပုပ်ဖရန်စစ်တောင်းဆို

ဩဂုတ်လ (၂၄) ရက်နေ့က အီတလီအလယ်ပိုင်းတွင် အင်အားကြီးမားသည့် မြေငလျင်ရိုက်ခတ်ခဲ့မှုကြောင့် ဒုက္ခကြုံတွေ့နေကြရသူများအတွက်ဆုတောင်းပေးကြရန် စိန်ပီတာရင်ပြင်တော်တွင် စုရုံးခဲ့ကြသည့် ဘုရားဖူးများအား တနင်္ဂနွေနေ့ အန်ဂျေလူးမေတ္တာရွတ်ဆိုရာတွင် အရှင်သူမြတ်ပုပ်ဖရန်စစ်က တောင်းဆိုခဲ့ပါသည်။



လူဦးရေ (၃၀၀) ဝန်းကျင်သေဆုံးကာ (၄၀၀) နီးပါး ဒဏ်ရာရရှိခဲ့ပြီး လူ (၂၅၀၀)ခန့်အိုးအိမ်မဲ့ဖြစ်နေကြရသည့် ဒုက္ခသည် များအတွက်ဆုတောင်းခြင်းအပြည့်အဝဖြင့် ၎င်းတို့နှင့်အတူ၊ နီးကပ်စွာရှိနေ ပါကြောင်းနှင့်ဖြစ်နိုင်ပါက၎င်းအနေနှင့်အ မြန်ဆုံးသွားရောက် တွေ့ဆုံလိုပါကြောင်းမြွက်ဆိုခဲ့သည်။ငလျင်ဒဏ်အပြင်းဆုံးထိခဲ့သည့်မြို့များဖြစ်သော Amatrice, Accumoli, Arquata del Tronto နှင့် Norcia မှဒုက္ခသည်များ တို့၏ ဝေဒနာများ၊ စိုးရိမ်ပူပန်ခြင်းများတို့ကို အသင်းတော်ကြီးကမျှဝေခံစားကူညီပေးနိုင်ပါမည့်အကြောင်းအာဏာပိုင်များ၊ ပြည်သူ့ရဲများ၊ ဆက်ကပ် လုပ်ဆောင်ကြ သောကယ်ဆယ်ရေးလုပ်သားများအားလုံးတို့သည်လည်းကြိုးပမ်းဆောင်ရွက်နေကြသည်ဖြစ်ရကား၊ဒုက္ခသည်များ၏ နာကြင်မှု ဝေဒနာများ သက်သာဖြေလျော့စေရန်အတွက် တစ်လုံးတစ်ဝတည်း ရှိရန် လိုအပ်လှပါကြောင်း "ချစ်လှစွာသောဒုက္ခသည် ညီအစ်ကိုမောင်နှမသားသမီးများတို့၊ ယုံကြည်ခြင်းမှခွန်အား နှစ်သိမ့်မှုကို ကိုယ်တိုင်သယ်ဆောင်လာပေးပြီး၊ ဖခင်တစ်ဦးရဲ့ နွေးထွေးတဲ့ပွေ့ပိုက်မှု၊ အစ်ကိုတစ်ဦးရဲ့ နွေးထွေးတဲ့ ထွေးပိုက်မှုနှင့်ခရစ်ယာန်တို့ရဲ့ မျှော်လင့်ခြင်းကို ပံ့ပိုးကူညီပေးနိုင်ဘို့၊ သင်တို့ဆီကို ကျွန်ုပ်လာဘို့ ဆန္ဒပြင်း ပြလျက် ရှိနေပါတယ်"ဟု အရှင်သူ မြတ်က ဆိုပါသည်။

ထို့နောက်စိန်ပီတာရင်ပြင်တော်ရှိ ဘုရားဖူးများအား၊ ငလျင်ဘေးဒဏ်သင့် ဒုက္ခသည်များ၊ သူတို့၏ မိသားစုများနှင့် အားလုံးအတွက်ဂုဏ်ကျေးဇူးတော်(အာဝေမာရီယား) မေတ္တာရွတ်ဆို ဆုတောင်းကြရန်အရှင်သူမြတ်က ဖိတ်ခေါ်ကာ အတူတကွ ဆုတောင်းပေးခဲ့ကြသည် ဆိုခြင်းကို ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။

**(RVA)**

# မာသာရ်ထရေဇား၏ရဟန္တာတင်မြှောက်ခြင်းပွဲကိုအန်ဂျေလူးမေတ္တာဆိုခြင်းဖြင့်အဆုံးသတ်




စက်တင်ဘာလ (၄) ရက်နေ့တွင် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်သည်၊ ကာကတ္တားမှ မာသာရ်ထရေဇား၏ရဟန္တာတင်မြှောက်ခြင်းပွဲတော်မစ္ဆားတရားကြီးကို ကျင်းပပေးခဲ့ပြီး နေ့လည် အန်ဂျေလူးမေတ္တာ ရွတ်ဆိုခြင်းနှင့် ပွဲတော်ကို အဆုံးသတ်ခဲ့ပါသည်။

အန်ဂျေလူးမေတ္တာ ရွတ်ဆိုခြင်းမပြုခင်၊ မာသာရ်ထရေဇားနှင့် နီးစပ်သူများအားငှင်း၊ ပွဲတော်ကြီးတွင် ပါဝင်ကြသူများအားလုံးကိုငှင်း၊ ကမ္ဘာတဝှမ်းမှ ပွဲတော်သို့ တက်ရောက်လာကြသော ဘုရားဖူးများ၊ အဖွဲ့အစည်းအသီးသီးမှ ဂုဏ်သရေရှိ လူကြီးမင်းများအားလုံးတို့အား၊ အရှင်သူ မြတ်က အထူးကျေးဇူးတင်ကြောင်း ဆိုပါသည်။

သနားကြင်နာခြင်းနှင့် ဆက်ကပ်သူအမှုတော်ဆောင်တို့၏ ဂျူဘီလီကို ကျင်းပရန်အတွက်၊ ရောမမြို့တော်သို့ ရောက်ရှိနေကြသော ဆက်ကပ်သူများတို့ကိုလည်း အရှင်သူမြတ်က အထူးကျေးဇူးတင်ရင်း အခက်အခဲနှင့် အန္တရာယ်များ အကြားတွင် ဆက်ကပ် အမှုတော်ဆောင် သူများအား အရှင်သူမြတ်က သတိရကာ၊ လွန်ခဲ့သည့် ရက်သတ္တပတ်ခန့်က ဟိုင်းတီတွင်အသတ်ခံခဲ့ရသော စပိန် မှ သာသနာပြုသီလရှင် စစ္စတာရ် အီစဗယ် နှင့် မကြာသေးမီ ရက်များတွင် ဒုက္ခတွေ့ကြုံခဲ့ကြရသည့် သစ္စာသုံးပါးခံသီလရှင် များတို့အား အရှင်သူမြတ်က အသိအမှတ် ပြု သတိယ ခဲ့ပါသည်။

အပြင်၊ အရှင် သူမြတ်က၊ ပထမဦးစွာ မာသာရ်ထရေဇား ၏ ဝိညာဉ်ရေးမိသားစုဖြစ်သော ဂရုဏာရေးသာသနာပြုသီလရှင်များအား ၎င်းတို့၏ သန့်ရှင်းသော မိခင်ရဟန္တာသည် သူတို့ရှေ့ဆက်ရမည့် ခရီးအတွက်၊ အထက်ကောင်းကင်မှ အမြဲကြည့်ရှုစောင့်ရှောက်နေမည်ဖြစ်ကာ၊ဘုရားရှင်ကိုငှင်း၊ အသင်းတော်ကြီးအား ဆင်းရဲသားများအပေါ်တွင်ငှင်း၊ အစဉ်အမြဲသစ္စာရှိသူများဖြစ်ရန် ခွန်အားကျေးဇူးတော်ကို တောင်းခံပေးနေပါမည်ဟုဆိုပါသည်။

ထို့နောက် အရှင်သူမြတ်သည် ဆက်ကပ် အမှုတော်ဆောင်များတို့အား "ချစ်လှစွာသော ဆက်ကပ်အမှုတော်ဆောင်များတို့ မာသာရ်ထရေဇား၏ ကူညီစောင်မခြင်းကို သင်တို့ အားလုံးအတွက် ကျွန်ုပ်တောင်းခံ ပေးပါတယ်။ ကားတိုင်ပေါ်မှာအသေခံခဲ့တဲ့ ယေဇူးသခင်၌ ကျွန်ုပ်တို့ရဲ့လိုအပ်နေတဲ့နီးစပ်သူ ညီအစ်ကိုမောင်နှမများကို တွေ့မြင်ကာ အစေခံနိုင်ရန် နေ့စဉ်နေ့တိုင်း ထောက် ရှုကာကိုးကွယ်နိုင်ပါရန် ကျေးဇူးတော်ကို မာသာရ်ထရေဇား သည်သင်တို့ အားသင် ကြားပေးတော်မူပါစေ။ ဒီနေ့ အစီအစဉ်ကို မီဒီယာမှ တစ်ဆင့်ပါဝင်ကာ ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းရှိကြသော ကမ္ဘာတစ် ဝှမ်းမှ ညီအစ်ကိုမောင်နှမများ အားလုံးအတွက်ကိုလည်း ဒီကျေးဇူးတော်ကို တောင်းခံပေးကြပါစို့" ဟု မာသာရ်ထရေဇား ရဟန္တာတင်မြှောက်ခြင်း ပွဲတော်မစ္ဆား တရားကြီးအပြီးတွင်ပြုလုပ်ခဲ့သောစိန်ပီတာ ရင်ပြင်တော် အန်ဂျေလူးမေတ္တာ ရွတ်ဆို ချိန်တွင် မြွက် ကြားခဲ့သည်ကို ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါ သည်။ (RVA)

# ပုပ်ဖရန်စစ်သည် ဆက်ကပ်သူများ၏ ဂျူဘီလီနှစ်ကျင်းပသောနေရာတွင် သနားဂရုဏာလူငယ်များနှင့်တွေ့ဆုံခြင်း




ထောင်ချီသော ဆက်ကပ်သူများနှင့် သနားဂရုဏာ လူငယ်များတို့သည် လွန်ခဲ့သော စနေနေ့၊ စိန်ပီတာရင်ပြင်တွင် ခမ်းနားစွာ ပြုလုပ်သော သနားကရုဏာနှစ်ဂျူဗီလီပွဲအခမ်းအနားသို့ ပုပ်ဖရန်းစစ်နှင့် အတူပါဝင်တက်ရောက်ခဲ့ကြောင်း ၃၊၉၊၂၀၁၆ ရက်တွင် ထွက်ရှိသော သတင်းအရ သိရှိရပါသည်။ ၎င်းမနက်တွင် အကနှင့် သီချင်းဖြင့် စတင်ကာ ကမ္ဘာအရပ်ရပ်မှ ဆက်ကပ် လူငယ်များတို့သည် သနားကရုဏာနှင့်ပတ်သက်သော ခံစားချက်များကို သက်သေခံ ဝေမျှခဲ့ကြရှိကြောင်း၊ ရဟန်းမင်းကြီးက ကော်ရင်းတူးပထမစာ စောင်၌ စိန်ပေါလ်ရေးထားသော ချစ်ခြင်း မေတ္တာအကြောင်းကို အခြေခံပြီး "ဘုရားရဲ့ အချစ်ဟာ အမြဲတမ်း နုပျိုလန်းဆန်းတယ်၊ တက်ကြွဖြတ်လတ်တယ်၊ အင်အားကြီးတယ်၊ ဒ့ါအပြင်အချစ်မှာ သစ္စာရှိခြင်း နှင့် ကြီးပွားတိုးတက်ခြင်းတို့ရဲ့ ဂုဏ်သတ္တိ လည်းရှိတယ်။ ချစ်ခြင်း၏ဂုဏ်ဒြပ် သည်သိသာထင်ရှားတယ်၊ နလုံးကိုထိမှန် စေတယ်၊ ကိုယ်တွေ့ခံစားခဲ့ဖူးတယ်၊ အချစ်ရဲ့အကြီးမားဆုံးအရာကတော့ ခရစ်တော်ပါပဲ။ ဘုရားသခင်ကျွန်ုပ်တို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ သူကိုယ်တိုင် ကားစင်ပေါ်မှာ အသေခံခဲ့တာဟာ သက် သေပါပဲ။" ဟုမြွက်ကြားခဲ့သည်။ ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ရဟန်းမင်းကြီးအရှင်သူမြတ်က ကျွန်ုပ်တို့ဆိတ်ဆိတ်နေခြင်းနှင့် ဖာသီးဖာသာနေခြင်း လုံးဝလုပ်လို့မရပါ။ အသင်းတော်သည် အသနားခံတောင်းလျှောက်သံများကို နားမထောင်ပဲ အဝေးသို့ ရှောင်ပြေး၍မရပါ။ သနားခြင်းဆိုသည်မှာ ကွန်ကရစ်လို ကျစ်လစ်ခိုင်မာသော ပုံသဏ္ဍာန်ရှိရမည်ဟု ထပ်ခါထပ်ခါမြွတ် ကြားခဲ့သည်။သနားကရုဏာ၏ အမှတ်တရားသည် ကျွန်ုပ်တို့၏ နေ့စဉ် အပြုအမူထဲမှ ဘုရားသခင်၏လုပ်ဆောင် ချက်များကို ပေါ် လွင်ထင်ရှားလာစေခြင်း ဖြစ်သည်။ မိမိနိုင်ငံကို ကိုယ်စားပြုပြီး စိန်ပီတာစကွဲသို့ ရောက်ရှိလာကြသော ဆက်ကပ်လူငယ်များအား "သင်တို့ဟာ အသင်းတော်ရဲ့ ကောင်းဆုံးနှင့် တန်ဖိုး အရှိဆုံးသော ရတနာများဖြစ်ကြတယ်၊ ရက်တိုင်းဖြစ်ဖြစ် မကြာခဏဖြစ်ဖြစ် မဝံ့မရဲ တွန့်ဆုတ် နေနေတဲ့ သင်တို့ သနားကရု ဏာရဲ့ လက္ခဏာတွေကို ထင်ပေါ်စေတော့၊ စည်းစည်း လုံးလုံးရှိကြပြီး အလုပ်ကိုပျော် ပျော်ရွှင်ရွှင်၊ နိပ်ချတဲ့ စိတ်နှင့် လုပ်ဆောင် သွားကြပါ"ဟု မိန့်မြွက်သွားကြောင်း ဗာတီ ကန်ရေဒီယိုမှ သတင်းရရှိပါသည်။

(RVA)




# ပုပ်ရဟန်းမင်းကြီးနှင့် Bambina Gesu ဆေးရုံအုပ်တို့တွေ့ဆုံခြင်း




ပုပ်ရဟန်းမင်းကြီးသည် ဗာတီကန် **Bambina Gesu** ဆေးရုံအုပ် **Mariella Enoc** နှင့် လွန်ခဲ့သော ဖေဖော်ဝါရီလ ၂၀၁၅ ခုနှစ်တွင် တစ်ကြိမ် ဗဟိုကလေးဆေးရုံတွင် တွေ့ဆုံခဲ့ကြောင်း၊ တွေ့ဆုံစဉ်တွင် ပုပ်ရဟန်း မင်းကြီးက ဆေးရုံနှင့် ပတ်သက်ပြီး တတ်နိုင်သမျှ ဆက်လက်ကူညီ ဦးမည်ဟု ပြောခဲ့ကြောင်း၊ ဆေးရုံသည် ကြီးမားသော သနားကရုဏာ လုပ်ငန်းကို လုပ်ဆောင်သောဆေးရုံဖြစ် ရမည်ဟု တိုက်တွန်း ပြောကြားသွားကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီး ချစ်ခင်စွာတွေ့ ဆုံစဉ်မှာပင် ပုပ်ရဟန်းမင်းကြီးက အာဖရိက သမ္မတနိုင်ငံဗဟို၊ Banguiတွင် ဗာတီကန်မှ စိတ်အား ထက်သန်စွာ ထူထောင် ထားသော Pediatric ဆေးရုံနှင့် ပတ်သက်ပြီး ၎င်းဆေးရုံအား ဗာတီကန်မှပုံမှန် အကူအညီပေးလျှက်ရှိကြောင်း ပြောကြား သွားပါသည်။ **Mariella Enoc** က ဗာတီကန် ရေဒီယိုကို "စီးပွားရေး လုပ်ငန်းရှင်တစ်ခုမှ ကျွန်ုပ်တို့ **Bambina Gesu** ဆေးရုံကိုသော်လည်းကောင်း၊ အာဖရိက သမ္မတနိုင်ငံ ဗဟို Pediatric ဆေးရုံကို သော်လည်းကောင်း ကူညီးပေးမည်ဆိုလျှင် ဆေးကုသခြင်းနှင့် ဆိုင်သောအရာများ သင်ကြားရန် အတွက် ဆီလျော်သော၊ ပြုပြင်ထားသော၊ တည်ထောင်ထားသော အဆောက်အဦးတို့ကို လုပ်ဆောင်နိုင်သည့် အထိ ကူညီပေးရန်၊ **Bambina Gesu** ဆေးရုံသည် ခိုလှုံသူများကိုကူညီသည့်အပြင် ဗာတီကန်ဆေးရုံ (ခေါ်)ရဟန်းမင်းကြီးဆေးရုံတွင် ရှိသော ဆင်းရဲသား တို့၏ စားဝတ်နေရေးကိုရှေးရှုပြီး FAO အဖွဲ့နှင့် ပူးပေါင်းကာ စိုက်ပျိုးရေးနှင့်ဆိုင်သော လုပ်ငန်းတစ်ခုကိုလည်း တည်ထောင်ထားကြောင်း၊ ကုသမှုကောင်းမွန်စွာပေးဆောင်နိုင်သော ဗာတီကန်ဆေးရုံကြီးဖြစ်တည်ရေးနှင့် ဆေးရုံတွင် လက်ခံထားသော နိုင်ငံအသီးသီးမှ ကလေးသူငယ်များအား အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်ရန် ဆေးရုံမှ ဆက်ကပ်မှု များစွာ ပေးဆက်ရမည်ဖြစ်ကြောင်း၊ ဗာတီကန်ဆေးရုံကြီး၏ လုပ်ဆောင်ချက်များသည် သမ္မာကျမ်းစာမှလုပ်ဆောင်စေလိုသော လုပ်ငန်းများပင်ဖြစ်ကြောင်း၊ ပုပ်ရဟန်းမင်းကြီး၏ သနားကဂရုဏာ လုပ်ငန်းကို ပံ့ပိုးသောအားဖြင့် Santa Marta ဆေးပေးခန်းရှိ **Bambina Gesu** ဆရာဝန်များက ultrasound scanner ပြုလုပ်ခြင်း နှင့် အခြား ဝန်ဆောင်မှုများစွာတို့ကိုလည်း လုပ်ဆောင်ပေးလျှက်ရှိကြောင်း ဗာတီကန်သတင်းမှသိရှိရပါ သည်။ (RVA)

# ဆင်းရဲနွမ်းပါးသူ(၁၅၀၀)တို့အားပုပ်ဖရန်စစ်ပီဇာဝေငှကျွေးမွေး



စက်တင်ဘာလ(၄)ရက်တနင်္ဂနွေနေ့တွင် ကာလ်ကတ္တားမှ မာသာရီထရေဇား ရဟန္တာတင်မြှောက်ခြင်း အခမ်းအနားအပြီးတွင်၊ အရှင်သူမြတ် ပုပ်ဖရန်စစ်သည် ဆင်းရဲနွမ်းပါးသူ ၁၅၀၀ တို့အား ဖိတ်ခေါ်ကာ ပီဇာဝေငှကျွေးမွေး ခဲ့ပါသည်။

အထက်ပါဆင်းရဲသားတို့မှာ မာသာရီထရေဇား၏ ဂရုဏာရေး အသင်းဂိုဏ်း မှ ကြည့်ရှုစောင့်ရှောက်ထားသော အလွန်နွမ်းပါးသူများဖြစ်ကာ ၎င်းတို့အား Pope Paul VI ခန်းမဆောင်တွင် ပီဇာဝေငှကာ နေ့လည်စာ ကျွေးမွေးခဲ့ခြင်းဖြစ်ပါသည်။ မာသာရီထရေဇား၏ ဂရုဏာရေးသီလရှင်များက ကြည့်ရှုစောင့်ရှောက်ထားသည့် မြို့ပေါ်ရှိ ဘော်ဒါဆောင်များမှ ဆင်းရဲနွမ်းပါးသူများနှင့်အတူ အီတလီရှိ မြို့တော်များဖြစ်ကြသော မီလန်၊ ဘိုလောဂ်နာ၊ ဖရောရင့်စ်၊ နေပယ် စသည့်မြို့အသီးသီးမှဆင်းရဲသား ၁၅၀၀ တို့သည် ရဟန္တာတင်မြှောက်ခြင်း ပွဲတော်အခမ်းအနားတွင်ပါဝင်ရန်အတွက် တစ်ညတာ ခရီးပြုကာ ဘတ်စ်ကားများဖြင့် ရောက်ရှိလာခဲ့ကြခြင်း ဖြစ်ပါသည်။ ရဟန္တာတင်မြှောက်ခြင်းပွဲတော် မဏ္ဍပ်ကြီးအတွင်း၌ ၎င်းတို့သည် အရှင်သူမြတ်နှင့် အနီးဆုံးရှိနေရာ အပိုင်းတွင် ထိုင်ခွင့် ရရှိခဲ့ကြပါသည်။ အထက်ပါ နေ့လည်စာ ပီဇာကျွေးမွေးခြင်းအစီအစဉ်ကို မာသာရီထရေဇား၏ သီလရှင် အပါး (၂၅၀)နှင့်အတူ၊ အမျိုးသားသူတော်စင် (၅၀) ပါး နှင့် ဆက်ကပ်အမှုတော်ဆောင်များတို့က ဝေငှပေးခဲ့ကြခြင်းဖြစ်ပါသည်။ အထက်ပါ ပီဇာတို့မှာ၊ Neapolitan pizzeria မှဖြစ်ကာ ၎င်းဆိုင်၏ ဝန်ထမ်းများက အိုးကြီး ၃ အိုးဖြင့် ယင်း ဝန်ထမ်းများက အိုးကြီး ၃ အိုးဖြင့် ယင်း ပီဇာများကို စိန့်ပီတာရင်ပြင်တော်သို့ သယ်ဆောင်လာ ခဲ့ကြသည်ဆိုခြင်းကို ဗာတီကန် သတင်းတိုက် သတင်းအရ သိရှိရပါသည်။ (RVA)

# ဗာတီကန်နှင့်တရုတ်အသင်းတော်တို့၏ဆက်ဆံရေး




ဗာတီကန်နိုင်ငံ အတွင်းရေးမှူး ကာဒီနယ်Pietro Parolin က တရုတ်နှင့် ဗာတီကန်နိုင်ငံအကြား ဆက်ဆံရေးပြန်လည်နိုးကြား နွေးထွေးလာနိုင်မှု အခြေအနေကိုမျှော်လင့်လျှက် လွန်ခဲ့သောစနေနေ့တွင် အီတလီမြောက်ပိုင်းရှိPordenone ဆေမေနာရီတွင် မိမိ၏ ရည်မှန်းချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ တူညီသော မျှော်မှန်းချက်အဖြစ် "ကြီးမားသော တံတိုင်းကြီးများကို ကျော်လွန်သောသတင်းကောင်းတော်" ဟုအမည်ပေးထားသော စာအုပ်တစ်အုပ်ထဲတွင်လည်း တွေ့နိုင်ပါသည်။ယနေ့ခေတ်အခါတွင်တရုတ်နိုင်ငံရှိ အသင်းတော် ရင်ဆိုင်တွေ့ကြုံနေရသော စိန်ခေါ်မှုများကို ရှာဖွေစုဆောင်းထားသော စာအုပ်လည်းဖြစ်သည်။ဟောင်ကောင်နိုင်ငံသား မင်းသား Kin Sheung Chiaretto Yan သည်သာမာန် ကက်သလစ်ဘာသာတူတစ်ဦးဖြစ်သည့်အားလျှော်စွာ Beijing နှင့် Shanghai မြို့များရှိ ဆေမေနာရီကျောင်းများနှင့် ကောလိပ်များတွင်ဆရာတစ်ဦးအဖြစ်လည်း လုပ်ဆောင်ခဲ့သည်။ သူသည်လည်း ဗာတီကန်နှင့် တရုတ်နိုင်ငံကြား လတ်တလော ခက်ခဲသောဆက်ဆံရေး အခြေအနေများအပေါ်တွင် အပြုသဘောဆောင်သောတိုးတက်မှုကိုလိုလားသောသူလည်းဖြစ်သည်။

ယခုသနားခြင်း ဂျူဘီလီနှစ်အတွင်းတရုတ်နိုင်ငံတွင်းရှိ မြေအောက်အသင်းတော်နှင့် အစိုးရအသိအမှတ်ပြုအသင်းတော်နှစ်ခုကြား တင်းမာမှုများကို ကျော်လွှားသွားနိုင်ရန်နှင့် ပိုမိုကောင်းမွန်သောဆက်ဆံရေးကို ပြန်လည်ရရှိနိုင်ရန် မျှော်လင့်သူလည်း ဖြစ်သည်။ မကြာသေးမီက ဟောင်ကောင်သို့ပြန်လာကာ တရုတ်နိုင်ငံရှိ ကက်သလစ်ခရစ်ယာန်တို့၏ အနာဂတ်နှင့်ပတ်သက်ပြီး အဓိကထားဆွေးနွေးသွားမည့် Ecclesiological Inverstigations Research Network မှ ဦးဆောင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ Phillippa Hitchen ကလည်း အစည်းအဝေး၏ ဘေးမှနေ၍ သူ၏မျှော်လင့်ချက်နှင့်ရည်မှန်းချက်များကို အကောင်အထည်ဖော်ထုတ်နိုင်ရန်ပိုမိုကြိုးစားရန်ပြောကြားသွားခဲ့သည်။ Chiaretto ကလည်း တရုတ်နိုင်ငံရှိ အသင်းတော်၏ အခြေအနေတစ်ချို့တစ်ဝက်သည်(၁၉၆၇) ဒုတိယဗာတီကန်၏ ပြောင်းလဲမှု လမ်းစဉ်များနှင့်လွဲချော်ခဲ့ရ၍ ရှေးဦး အစဉ်အလာ၌သာရှိနေသေးကြောင်း၊ ၁၉၈၇ခုနှစ်အသင်းတော်များစွာကအခွင့်အရေးများပြန်လည်ရရှိခဲ့သော်လည်း တရုတ်နိုင်ငံရှိ အသင်းတော်မှာမူ ယဉ်ကျေးမှုဆိုင်ရာပြောင်းလဲမှုနှင့် ပဋိပက္ခများကြားတွင်သာရှိနေခဲ့သည်။ ထိုအချိန်များ၌တရုတ်ပြည်ရှိကက်သလစ်အသင်းတော်သည် စိန်ခေါ်မှုများစွာကိုရင်ဆိုင်နေရချိန်လည်း ဖြစ်သည်ဟု သူကပြောခဲ့သည်။ ၎င်းအပြင်တရုတ်နိုင်ငံတွင် အစိုးရအုပ်ချုပ်သော အသင်းတော်နှင့် ဗာတီကန်လက်အောက်ရှိ အသင်းတော်နှစ်ခုတင်းမာမှုများအကြားများစွာသောဘာသာဝင်တို့သည်တခြားဘာသာသို့ကူပြောင်းသွားခဲ့သော်လည်း တစ်ချို့မှာမူ မိမိတို့ယုံကြည်သက်ဝင်သောခရစ်ယာန်ဘာသာ၌သစ္စာရှိရှိ ဆက်လျက် ရှိနေကြကြောင်း၊ မှတ်တမ်းတင်ပြောပြပေးကာ မိမိ၏အသင်းအဖွဲ့အနေဖြင့် ၎င်းအပျက်သဘောဆောင်သော အဖြစ်အခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ဆီသို့ ကူပြောင်းနိုင်ရန် လုပ်ဆောင်နေလျက်ရှိကြောင်းပြောကြားသွားခဲ့သည်။ဆက်လက်ပြီး Chiaretto ကယခုသနားခြင်း ဂျူဘီလီနှစ်၌ ပုပ်ရဟန်းမင်းကြီး၏ လမ်းညွှန်မှုအောက်၌ လူသားအားလုံး တို့သည်သန့်ရှင်းသော တံခါးတော်ကိုဖြတ်သန်းသွား ရုံသက်သက်မဟုတ်ဘဲ အသစ်သောမျက်လုံးများဖြင့် နီးစပ်သူများကိုကြည့်မြင်နိုင်ကြပါ လျှင်အမိကက်သလစ်အသင်းတော် သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်မိပါကြောင်းတို့ကိုလည်းပြောကြားသွားခဲ့သည်။

**(CBCM-OSC)**

# ကမ္ဘာ့ရေများနေ့တွင် ယုံကြည်ခြင်းနှင့်ဖွံ့ဖြိုးရေးအပေါ် Cardinal Turkson မိန့်ခွန်းပေး



လူတိုင်းလွယ်စွာကူစွာ ရေကိုသောက်သုံးနိုင်ရန်အတွက် ဗာတီကန်ကောင်စီ တရားမျှတမှုနှင့်ငြိမ်းချမ်းရေးကောင်မရှင် တာဝန်ခံကာဒီနယ် Turkson က ယုံကြည်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်စပ်လျဉ်း၍ "ကမ္ဘာ့ရေများနေ့" နှင့် စပ်ဆိုင်သောမိန့်ခွန်းကို(၂၈)ရက်၊ဩဂုတ်လမှ စက်တင်ဘာလ (၂)ရက်နေ့အထိ စတော့တလန်တွင် ပြုလုပ်သော အစည်း အဝေးတွင်ပြောကြား သွားကြောင်းသတင်း ရရှိပါသည်။ ဘာသာ အသီးသီးမှ "ကမ္ဘာ့ရေများနေ့" အတွက် ရည်ရွယ်ပြီး လှူဒါန်းသောအလှူငွေများကို လည်းစုဆောင်းထားပေးလျှက်ရှိကြောင်း၊ ထို့အပြင် ယုံကြည်ခြင်း နှင့်ဝိညာဉ်ရေးကို အခြေခံပြီး ဝိုင်းဝန်းပေးကမ်းခြင်းဖြင့်လည်း လူတွေကို ကြီးပွားတိုးတက်စေကြောင်း၊ လူငယ်တွေကို စည်းလုံးခြင်းကိုတန်ဖိုးထား ကြရန်၊ အများအတွက်ကိုယ်ကျိုးစွန့်ဝါဒနှင့် တာဝန်ယူ စိတ်ရှိကြရန် ပညာပေးရန်လို အပ်သည်ဟုသုံးသပ်မိကြောင်း၊ အချိန်ကြာလာသည်နှင့်အမျှ ဤအရာများသည် လူငယ်တို့ကို ရိုးသားဖြောင့်မတ်ပြီး စီမံခန့်ခွဲတတ်သူနှင့် သစ္စာရှိသောနိုင်ငံသား ကောင်းများဖြစ်လာစေရန် အထောက် အကူပြုမည်ဖြစ်ကြောင်း၊ ရေသည်အင်မ တန်မှတန် ဖိုးရှိသည့်အပြင် ဘုရား၏ဂုဏ် တော်နှင့်ညီကြောင်း သမ္မာကျမ်း၌သော် လည်းကောင်း၊ ဝိညာဉ်ရေး သွန်ချက်၌ သော်လည်းကောင်း တွေ့ရှိရကြောင်း၊ ရေ ကို ဘုရားဝတ်ပြုရာတွင် ကျယ်ပြန့်စွာ အသုံးပြုလျှက်ရှိပြီး ၎င်းသည် ရောင်းဝယ် သည့်ကုန် စည်တစ်ခု သက်သက် မဟုတ်ပဲ တန်ဖိုး ရှိရှိ ရှိသေစွာသုံးသင့်သည်ဟု ပြောကြားသွားကြောင်း၊ ဘာသာရေးပေါင်းစုံပါဝင်သည့် အသင်းအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ရေကန်များ၊ ချောင်းများ၊မြစ်များနှင့် ရေကန်များ သန့်ရှင်းအောင်ပြုလုပ်ရာမှ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လေးစားမှု၊ငြိမ်းချမ်းမှုနှင့် ခင်မင်မှုတို့ကိုလည်း တိုးပွားစေကြောင်း၊ လူ့ဂုဏ်သိက္ခာကို ပြန်လည်အသိအမှတ်ပြုခြင်းနှင့် ကမ္ဘာ့မိသားစုအကျိုး၏ ကောင်းကျိုးကို သယ်ပိုးသည့်အနေဖြင့်ရေကိုအလျှင်အမြန်သုံးစွဲနိုင်ရန် သက်ဆိုင်ရာအကြီးအကဲများနှင့်အတူ ကြိုးစားကြပါစို့ဟု ပြောကြားသွားကြောင်းဗာတီကန်သတင်းမှသိရှိရပါသည်။ (CBCM-OSC)





# ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် နိုင်ငံအဆင့် ကက်သလစ်မီဒီယာ နီးနှောဖလှယ်ပွဲ ကျင်းပခြင်းသတင်း

၂၀၁၆ ခုနှစ် ဒုတိယအကြိမ် နေရှင်နယ်အဆင့် ကက်သလစ်မီဒီယာ နီးနှောဖလှယ်ပွဲကြီးကို ဩဂုတ်လ ၂၂-၂၄ ရက်အထိ၊ ဖိလစ်ပိုင်နိုင်ငံ၊ တစ်ကိုင်းတိုင်းမြို့ တွင်ကျင်းပခဲ့ပါသည်။ သိကြားတမန်တော်များ၏ တောင်ကုန်းလေးများဟု အမည်ရသော ဉပုသ်တရားစခန်းတွင် (၃) ရက်တာကျင်းပပြုလုပ်ခဲ့သော မီဒီယာနီးနှောဖလှယ်ပွဲကြီးသို့ ဆရာတော်ကြီးများ၊ ရဟန်းတော်များ၊ သီလရှင်များနှင့်အတူ မီဒီယာဆက်သွယ်ရေးကဏ္ဍတွင်အမှုတော်ဆောင်နေကြသော ဖိလစ်ပိုင်နိုင်ငံကက်သလစ်သာသနာနယ် အသီးသီးမှ မီဒီယာပုဂ္ဂိုလ် ၁၈၀ ဝန်းကျင်ပါဝင်တက်ရောက်ခဲ့ကြပြီး အာဗွီအေ အာရှသမ္မာတရား အသံလွှင့်ဌာန၊ ဖိလစ်ပိုင်းရုံးမှ၊ ရဟန်းတော် (၃) ပါး၊ သီလရှင် (၃) ပါး နှင့် အတူ ထုတ်လွှင့်သူများ (၁၀) ဦး ပါဝင်တက်ရောက်ခဲ့ကြပါသည်။




ပထမနေ့ ဩဂုတ်လ(၂၂) ရက်နေ့တွင် ကြိုဆိုနေရာချထားရေးနှင့် နံနက်စာသုံးဆောင်ခြင်း အစီအစဉ်အပြီး နံနက်ခင်း ပရိတ်မေတ္တာရွတ်ဆိုခြင်းအစီအစဉ် တို့ဖြင့် စတင်ကာ ဆရာတော်ကြီး မိုင်လို ဗီဂါးဒါ ၏ ကက်သလစ် လူထုဆက်သွယ်ရေးနှင့် စပ်လျဉ်းသော Identity, Possibility and Creativity ဟူသော အကြောင်းအရာ များ တို့ကို ဝေငှခြင်းနှင့် ၎င်း၏အစီအစဉ်အပြီးတွင်တော့ ဗာတီကန်ရေဒီယို အင်္ဂလိပ်ဘာသာအစီအစဉ်ဌာနမှူး မစ္စတာရှောင်းပက်ထရစ်လိုဗက် ၏ ဟောပြောခြင်း အစီအစဉ်ကို ပြုလုပ်ခဲ့ရာ၊ ၎င်းက၊ကက်သလစ်လူထုဆက်သွယ်ရေးတွင် အသင်းတော်၏ အသံကိုပြသရန် လိုအပ်ကြောင်း၊ လူထုဆက်သွယ်ရေးကော်မရှင်တည်တံ့ခိုင်မြဲရန် ၊ အဘယ်သို့စီမံခန့်ခွဲ ရမည်တို့ကို အလုပ်ရုံဆွေးနွေးပွဲတို့ဖြင့် ပညာပေးဝေငှခြင်းကို ၎င်း၊ လူ၏ခန္ဓာကိုယ်၌ ခြေ၊ လက်၊ ဦးခေါင်း (၅) ခု ခွဲထွက်နေခြင်း၊ အာရုံငါးပါးရှိခြင်း၊ မျက်စိ (၂)လုံး၊ နားနှစ်ဘက်နှင့် ပါးစပ်စုစုပေါင်း (၅)ခုရှိခြင်းတို့နှင့် စပ်လျဉ်းကာ နံပါတ်(၅) သည် ဆက်သွယ်ရေးသမားများ၏ နံပါတ်ဖြစ်ပြီး ဒီအရာတွေနှင့် ဆက်သွယ်ကြရမည်ဖြစ်ကြောင်း၊ ပရောဖက်ဟူသည် မိမိ၏ သက်တောင့်သက်သာ နေရာမှထွက်ကာ ဟောပြောလှုပ်ရှားသူဖြစ်ပြီး ဘယ်သောအခါမျှ မလုံခြုံ သည်ဖြစ်ရာ၊ ဆက်သွယ်ရေးသမားများသည်လည်း မိမိတို့တိုင်းပြည်၊ မိမိတို့ သာသနာအတွက် ပရောဖက်များ ဖြစ်ကြရမည်ဖြစ်ကြောင်း၊ (၅၀) ကြိမ်မြောက် ကမ္ဘာ့လူထုဆက်သွယ်ရေးနေ့အတွက် ပုပ်ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်၏ မင်္ဂလာသတင်းစကားအရ၊ ကျွန်ုပ်တို့သည် ပေါင်းကူးတံတားများ ဖြစ်ကြဘို့လိုအပ်ကြောင်း၊ ကမ္ဘာကြီးမှာ ဖြစ်ပေါ်နေတဲ့ အမုန်းတရားတွေ၊ ခါးသီးခြင်းတွေ၊ စစ်ပွဲတွေ၊ မာကြောခက်ထန်မှုတွေကို ဖြေလျော့ဆက်သွယ်ပေးကြမဲ့ ကက်သလစ်လူထု ဆက်သွယ်ရေးသမားများဖြစ်ဘို့ လိုအပ်ကြောင်း၊ ကမ္ဘာကြီးနှင့် အရာရာတိုင်းသည်ပြောင်းလဲ နေသည်ဖြစ်ရာ၊ တိုးတက်ပြောင်းလဲနေသော စက်မှုခေတ်နှင့်အတူ ပြောင်းလဲရန်လိုအပ်ကြောင်း၊ ပုပ်ဖရန်စစ်သည်ရှေ့သို့ အမြဲလှမ်းနေသူဖြစ်ပြီး ရှေ့သို့ လှမ်းရန်ဘယ်တော့မှ မကြောက်ရွံ့ကြောင်း၊ ဆက်သွယ်ရေးတွင်၊ မိုဘိုင်းဖုန်း၊ ကွန်ပျူတာစသည်တို့က အဓိကမဟုတ်ပဲ၊ မိမိကိုယ်တိုင်သည်သာ အဓိက ဆက်သွယ်မှုစနစ်ဖြစ်ကာ၊ စက်မှုနည်းပညာတို့သည် လူတွေရဲ့ဆက်သွယ်ရေး မြန်ဆန်စေရန်အတွက် အကူအညီပေးသည့် အရာများသာဖြစ်သည်ဟူသော အကြောင်းအရာတို့ဖြင့် မစ္စတာ ရှောင်ပက်ထရစ်က ပို့ ချပေးခဲ့ပါသည်။

(၃) ရက်တာ အစည်းအဝေးကြီးအတွင်း၊ နံနက်ည ပရိတ်မေတ္တာရွတ်ဆိုခြင်းနှင့် မစ္ဆားတရားတော်မြတ်ကို ၊ ဆရာတော်ကြီးများ၊ ရဟန်းတော်များ၊ သီလရှင်များနှင့် သာသနာနယ်အသီးသီးမှ တက်ရောက် လာကြသော ကက်သလစ်လူထု ဆက်သွယ်ရေးသတင်း မီဒီယာသမားများစွာ ပါဝင်တက်ရောက်ကာ အတူတကွ ဝတ်ပြုဆုတောင်း ခဲ့ကြပါသည်။ဒုတိယနေ့တွင် အဓိကအဖွဲ့များ (၃) ဖွဲ့ခွဲကာရေဒီယို၊ တီဗီထုတ်လွှင့်မှု အစီအစဉ်အတွက် သီးသန့်သင်တန်းတစ်ခု၊ လူထုဆက်သွယ်ရေးကွန်ယက် အဖွဲ့အတွက် သင်တန်းတစ်ခု၊ စာပေထုတ်လုပ်ရေး အဖွဲ့အတွက် သင်တန်းတစ်ခုစီကို ဟောခန်း တစ်ခန်းစီ သီးသန့် ပေးကာ ပို့ ချပေးခဲ့ပါသည်။

တတိယနေ့တွင်တော့ သာသနာနယ်အသီးသီးမှ တက်ရောက်လာကြသည့် အဖွဲ့ဝင် အချင်းချင်း အတူတကွ အစည်းအဝေး ပြုလုပ်ကာ မိမိတို့ သာသနာနယ်သို့ပြန် ရောက်ကြသောအခါ လုပ်ဆောင်ရမည့် အရာတို့ကို ဆွေးနွေးတိုင်ပင်ရန်အတွက် တစ်ခါတည်း အချိန်ပေးကာ ပြုလုပ်စေခြင်း၊ သာသနာနယ်အသီးသီး၏ လူထုဆက်သွယ်ရေးကဏ္ဍ လှုပ်ရှားမှုအသီးသီးတို့ကို တင်ပြခြင်း အစီအစဉ်များ ပြုလုပ်ခြင်းတို့ဖြင့် ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် နေရှင်နယ်အဆင့် ကက်သလစ် မီဒီယာ နီးနှောဖလှယ်ပွဲ ကျင်းပခြင်းအစီအစဉ်ကို အဆုံးသတ်ခဲ့ပါကြောင်း စစ္စတာရဲလူစီယားသန္တာအောင်က သတင်းပေးပို့သည်။

# အင်ဒိုနီးရှားတွင်ကက်သလစ်သာသနာတစ်ခုတိုက်ခိုက်ခံရ



(၂၈၊၈၊၂၀၁၆)နေ့တွင်အင်ဒိုနီးရှားနိုင်ငံ ဆူမားထရာပြည်နယ် မြောက်ပိုင်းရှိ မဒန်မြို့ စိန့်ဂျိုးဇက်ဘုရားရှိခိုးကျောင်းတွင် တနင်္ဂနွေနေ့ဝတ်ပြုဆုတောင်းနေစဉ် အသေခံပုံးခွဲရန် ဝင်ရောက်လာသည့် ၁၇ နှစ်အရွယ်လူငယ်တစ်ဦးသည် ပေါက်စိန်ဖြင့် ဘုန်းတော်ကြီး Albert Pandiangan ကို တိုက်ခိုက်ခဲ့ပြီး ဗုံးအိပ်ကို ဖေါက်ခွဲခဲ့သော်လည်း မပေါက်ကွဲပဲ မီးသာလောင်ကျွမ်းခဲ့ပါသည်။ ထိုလူငယ်သည် ဘုန်းတော်ကြီး အက်လ်ဘတ်ကို ပေါက်စိန်ဖြင့်ခုတ်ခဲ့ရာ လက်မောင်းတွင်ဒဏ်ရာရရှိခဲ့သော်လည်း စိုးရိမ်စရာမရှိကြောင်း UCAN သတင်းအရသိရှိရပါသည်။

# Facebook စတင်တည်ထောင်သူ Mark Zuckerberg နှင့်ပုပ်ရဟန်းမင်းကြီးတို့တွေ့ဆုံ

ဗာတီကန်၌လွန်ခဲ့သောဩဂုတ်လ(၂၉)ရက်၊တနင်္လာနေ့တွင် အရှင်သူမြတ်ဖရန်းစစ် သည် Facebook စတင်တည်ထောင် Mark Zuckerberg နှင့်သူ၏ဇနီးဖြစ်သူ Priscilla Chan တို့အားတွေ့ဆုံခဲ့သည်။

ထိုတွေ့ဆုံခြင်းထဲ၌ကမ္ဘာအနှံ့အပြားသို့အင်တာနက်ကွန်ရက်ပိုမိုချိတ် ဆက်နိုင်ရန်နှင့် လူမှုရေးကွန်ရက်အပေါ်တွင် အသေးစိပ်လေ့လာ ဆွေးနွေးသွားခဲ့ကြသည်။ ဗာတီကန်သတင်းစာရုံး၏ ဒါရိုက်တာ Greg Burke ၏တရားဝင်ထုတ် ပြန်ချက်သတင်းအရ ပုပ်ရဟန်းမင်းကြီး နှင့် Mark Zuckerberg တို့သည် ကမ္ဘာ့အလိုအပ်ဆုံးနေရာဒေသများဆီသို့ မျှော်လင့်ခြင်းသတင်းစကားများကိုပြောကြား ဆက်သွယ်နိုင်ရန်နှင့် အချင်းချင်းကူညီရိုင်းပင်းဆွေးနွေးအားပေးထောက်ပံ့ ခြင်းဖြင့်ဆင်းရဲခြင်းတွင်းမှပိုမိုလွတ်မြောက်လာနိုင်ကြရန်အတွက်ဆက်သွယ်ရေး သိပ္ပံအသုံးချနည်းပညာ ဖြစ်သော(Facebook )အားမည်သို့မည်ပုံအသုံးချသွားရမည် ဖြစ်ကြောင်းတို့ကို ဆွေးနွေးသွားခဲ့ကြခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ပေးခဲ့သည်။ Mark Zuckerberg ကလည်း မိမိနှင့်ပုပ် ရဟန်းမင်းကြီးတို့တွေ့ ဆုံဆွေးနွေးခဲ့ခြင်းကို Facebook ပေါ်တွင်အသေးစိပ်တင်ပြခဲ့သည်။ Facebook ပေါ်တွင် Mark Zuckerberg ၏ရေးသားချက်မှာ "ရဟန်းမင်းကြီး၏သနားကြင်နာခြင်းသတင်းစကားများသည် ကျွန်ုပ်တို့၏နှလုံးသားတံခါးကိုမည်မျှရိုက်ခတ်နိုင်ခဲ့ကြောင်းနှင့် ဘာသာတရားတိုင်းရှိ ယုံကြည်သူများအားပေါင်းသင်းပြောဆိုဆက်ဆံနိုင်သောနည်းပညာ အသစ်ကို မည်သို့ရှာဖွေရယူနိုင်ခဲ့ကြောင်းမေးမြန်းခဲ့ပါသည်" ဟူ၍ ရေးသားဖော်ပြခဲ့သည်။





# သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ

ရဟာန်းမင်းကြီးဆိုင်ရာ သာသနာပြုအသင်းများရုံး(CBCM-PMS)မှ စီစဥ်ပြုလုပ်သော သာသနာအသီးသီးရှိ သာသနာပြုအသင်း အဖွဲ့များ၏ ဒါရိုက်တာများနှင့်တာဝန်ခံများ ပထမကြိမ်မြောက်သာသနာပြုလုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ စိန်ဂျူဒ်ဘုရားကျောင်းတွင် ဩဂုတ်လ (၂၃-၂၅)ထိ ကျင်းပခဲ့ပါသည်။ ဖွင့်ပွဲမစ္ဆားတရားတော်မြတ်ကို ပြည်ဆရာတော် အလက်ဇန္ဒြားပြုံးချိုနှင့် မွန်ဆီညော်စောဖရန်စစ်တို့ခြံရံလျှက် ပုသိမ်ဆရာတော်ဂျွန်မန်းဆိန်းဟိုမှ ဦးဆောင်ပူဇော် ပေးခဲ့သည်။

သာသနာ ပြုလုပ်ငန်းများ စနစ်တကျ ပိုမိုတိုးတက်အောင်မြင်စွာ လုပ်ဆောင်နိုင်ရန်အတွက် မွန်ဆီညော်မောရစ်ညွန့်ဝေမှ "လူတို့ထံသို့သွားကြစို့" ၊ Fr. Titus မှ "သာသနာပြုစိတ်ထက်သန်သော အသင်းတော်"၊ Sr. Pansy မှ "ရဟာန်းမင်းကြီးဆိုင်ရာ သာသနာပြုအသင်းများအကြောင်း သိကောင်းစရာ"၊ ရှေ့နေဒေါ်လှမျိုးစုမှ "ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာ"၊ Sr. Emie Soe မှ "သာသ နာပြုကလေးသူငယ်များအသင်းအကြောင်းသိကောင်းစရာ" နှင့် Fr.Calistus Saw Eh Mwee မှ "သာသနာပြု လုပ်ငန်းမြှင့်တင်ရေးဆိုင် ရာ Project proposals များအကြောင်း" ကို အသီးသီးပို့ချဆွေးနွေးခဲ့ကြသည်။







ထို့နောက် ဖယ်ခုံသာသနာ၊ လားရှိုးသာသနာ၊ ဗန်းမော် သာသနာနှင့် ရန်ကုန်သာသနာများမှ သာသနာပြုကလေးသူငယ်အသင်းလှုပ်ရှားမှုများကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ဤဆွေးနွေးပွဲပြုလုပ်ရခြင်း၏ရည်ရွယ်မှာ သာသနာပြုအသိစိတ်ဓါတ်ပြန်လည်နိုးထရှင်သန်လာကြရန်၊ သာသနာပြုခြင်း၌ ရဟာန်းသီလရှင်၊ ကိုရင်၊ ယုံကြည်သူဘာသာဝင်များနှင့် ကလေးသူငယ်များတို့၏အတူပေါင်းစည်းကြသော ဆုတောင်းမေတ္တာနှင့်ရက်ရော စွာပေးလှူပူဇော်ခြင်းဖြင့် ကယ်တင်ရှင်ခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်းကို များစွာသောလူသားများ ကြားသိလက်ခံလာကြရန်၊ ဆေးကြောခြင်းခံယူပြီးသူတိုင်းသည်ယုံကြည်၍ကျင့်ကြံကာ ဝေမျှကြခြင်းဖြင့်(၂၁)ရာစု၏ သာသနာပြုများဖြစ်လာကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပါ သည်။



ဤပထမအကြိမ်မြောက် သာသနာပြုလုပ်ငန်းမြှင့်တင်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို တက်ရောက်လာကြသူများ သည်အစီအစဥ်၌များစွာအားရကျေနပ်မှုရှိကြောင်း၊ နောင်နှစ်များ၌လည်း ဤကဲ့သို့ကျင်းပပြုလုပ်ပေးစေလိုကြောင်း၊ ယုံကြည်သူ အယောက်စီတိုင်းသည် သာသနာပြုခြင်း၌ ဆက်ကပ်ပါဝင်လာကြရန် ဖိတ်ခေါ်နှိုးဆော်ကြပါမည့်အကြောင်း သုံးသပ်အကြံပြု ပေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ သာသနာပြုအသင်းအဖွဲ့များ၏ဒါရိုက်တာများနှင့်တာဝန်ခံများ စုစုပေါင်း(၈၄)ဦး တက်ရောက်ခဲ့ကြပါ သည်။ **(Isabella Pyone Pyone Aung)**

# မြန်မာကက်သလစ် HIV/AIDS ရုံး၏လုပ်ငန်းလုပ်ဆောင်နေမှုများ အင်တာဗျူး

**OSC ။ ။မင်္ဂလာပါအစ်မ။**

MCHAN။ ။မင်္ဂလာပါညီမ။

**OSC ။ ။အစ်မရဲ့နာမည်လေး အရင်မိတ်ဆက်ပေးပါဦးနော်။**

MCHAN ။ ။အစ်မနာမည်က ဖေလိဇဘက်ဟောမာလွင်ပါ။

**OSC ။ ။အခု MCHANရုံးမှာ အစ်မအနေနဲ့တာဝန်ယူရတဲ့အပိုင်းလေး ပြောပြပေးပဲ့လား။**

MCHAN ။ ။အစ်မရဲ့ရာထူးကတော့ Office Assistant ပါ။ ရုံးရဲ့ ဝေရာဝစ္စ၊ Programပိုင်းနဲ့ Cashier အပိုင်းတွေမှာ တာဝန်ယူရပါတယ်။

**OSC ။ ။အစ်မအခုMCHANရုံးမှာအလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲနော်။**

MCHAN ။ ။ MCHAN ရုံးမှာအလုပ်လုပ်တာခုဆို (၅)နှစ်ကျော်သွားပါပြီ။

**OSC ။ ။M-CHAN ရုံးရဲ့လုပ်ငန်းဆောင်တာလေးတွေပြောပြပေးပါလား။**

MCHAN။ ။ (၁)HIV/AIDS နှင့်ပတ်သက်သောဝန်ဆောင်မှုများရရှိရန်ချိတ်ဆက်ပေးခြင်း (၂) လူသားနှင့်လိင်ပိုင်းဆိုင်ရာ HIV/AIDS ကျား၊မရေးရာပညာပေးခြင်း (၃) M-CHANရုံးမှတစ်နိုင်ငံလုံးဆိုင်ရာHIV/AIDS နှင့်ပတ်သက်သော ညှိနိုင်းအစည်းအဝေးကို မြန်မာတစ်နိုင်ငံလုံးရှိ အဖွဲ့ဝင် များနှင့်(၁) နှစ်လျှင် သုံးကြိမ်ကျင်းပကြပါသည်။ (၄) Annual retreat for care giver ဖြစ်တဲ့လူနာပြုစု စောင့်ရှောက်သူများ အတွက်(၁)နှစ်လျှင် တစ်ကြိမ် ဝတ်စောင့်ပွဲကျင်းပပေးတယ်။ (၅)HIV/AIDS နှင့်လူသားနှင့် လိင်ပိုင်းဆိုင်ရာထိရောက်သော ပညာပေးစာအုပ်များကို မြန်မာဘာသာဖြင့် ထုတ်ဝေခြင်း (၆) Community Based Family Heath Program ဖြစ်တဲ့ လူထုအခြေပြု မိသားစုကျန်းမာရေး အစီအစဉ်များကို ရန်ကုန်ရှိကျူးကျော်ဒေသများတွင်ကျန်းမာရေးပညာပေးခြင်း ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်ညွှန်းပို့ပေးခြင်း (၇) ဆေးရုံသို့လူနာများအားသွားရောက်ကြည့်ရှုခြင်း၊ အိမ်တိုင်ရာရောက်လူနာများအားသွားရောက် ကြည့်ရှုပေးခြင်း၊ ထိုသို့ကြည့်ရှုပေးရာတွင် နှစ်သိမ့်နွေးထွေးမှုများပေးခြင်း၊ အာဟာရထောက်ပံ့ပေးခြင်းများပြုလုပ်ခဲ့ပါတယ်။ M_CHAN ကွန်ရက်အဖွဲ့ဝင်များတွင်ရှိသော HIV ပိုးဖြင့်အသက်ရှင်နေထိုင်သူများအားထောက်ပံ့ပေးခြင်းများပြုလုပ်ပါတယ်။(၈) မြန်မာနိုင်ငံဘာသာပေါင်းစုံ HIV/AIDS ကွန်ရက် (M_CHAN ) နှင့်တက်ကြွစွာပါဝင်ခြင်း၊ UNAIDS မှပြုလုပ်သော World AIDS dayအားပါဝင်တက်ရောက်ခြင်း။ (၉)HIV/AIDSနှင့် ပတ်သက်သော နောက်ဆုံးရသတင်းများကို M-CHAN facebook ပေါ်တွင်တင်ခြင်း၊ ဘာသာရေးစာစောင်များဖြစ်သော Herald (CBCM)နှင့်မျိုးကြဲသူစာစောင်များတို့တွင် သတင်းပေးပို့ခြင်း၊ Facebook မှတဆင့် အလှူငွေများလက်ခံခြင်း(၁၀) M_CHAN အဖွဲ့ဝင်များအတွက် အရည်အချင်းမြှင့် သင်တန်းများပေးပို့ခြင်းတွေကိုပြုလုပ်ပါတယ်။

**OSC။ ။ဟုတ်ကဲ့အစ်မ။ HIVနှင့်ပတ်သက်ပြီးတော့ ကူးစက်နိုင်တဲ့နည်းလမ်းလေးတွေကိုပြောပြပေးပဲ့လား။**

MCHAN ။ ။ ကူးစက်နိုင်တဲ့ နည်းလမ်းက အဓိကအားဖြင့်တော့(၃)မျိုးရှိပါတယ်။ (၁)လိင်မှတစ်ဆင့်ကူးစက်ခြင်း၊ လိင်မှတစ်ဆင့် ကူးစက်တယ် ဆိုတာက ရောဂါပိုးရှိသူနဲ့ အကာကွယ်မဲ့လိင်တူ၊ လိင်ကွဲဆက်ဆံမယ်ဆိုရင် ကူးစက်နိုင်ပါတယ်။ (၂)သွေးမှတစ်ဆင့် ကူးစက်နိုင်တယ်။သွေးမှတစ်ဆင့်ကူးစက်တယ်ဆိုတာက ဥပမာ ရောဂါပိုးရှိသူရဲ့ သွေးကိုသွင်းမိခြင်း၊ ဆေးထိုးအပ်၊ ချွန်ထက်သောအရာတွေကို မျှဝေသုံးစွဲခြင်းတို့ဖြင့် ကူးစက်နိုင်ပါတယ်။ (၃) မိခင်မှသန္ဓေသားသို့ ကူးစက်ခြင်းဖြစ်ပါတယ်။ ဥပမာ ရောဂါပိုးရှိသော မိခင်မှသန္ဓေသားသို့ ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားချိန်၊ နို့တိုက်ချိန်တွေမှာကူးစက်နိုင်ပါတယ်။

**OSC ။ ။မိခင်မှတစ်ဆင့် သန္ဓေသားသို့ကူးစက်ခြင်းကို ကာကွယ်နိုင်ပါသလား။**

MCHAN ။ ။မိခင်မှ သန္ဓေသားသို့ ရောဂါပိုးမကူးစက်အောင် PMCT နည်းနှင့်ကာကွယ်နိုင်ပါတယ်။ အခုဆိုရင် PMCT (Prevention of Mother to Child Transmission)နည်းကို အစိုးရဆေးရုံ၊ အဖွဲ့အစည်းဆေးခန်းတွေမှာ လုပ်ဆောင်ပေးနေပါတယ်။

**OSC ။ ။HIV ရောဂါနှင့်ပတ်သက်ပြီးတော့ ကာကွယ်နည်းလေးတွေလည်းပြောပြပေးပါဦး။**

MCHAN ။ ။ **WHO,UNAIDS** က ချမှတ်ထားတဲ့ ကာကွယ်နည်းတွေကတော့ (၁)ရှောင်ကျဉ်ပါ။ ရှောင်ကျဉ်ရမယ် ဆိုတာကလိင်ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စနှင့် အန္တရာယ် ကျရောက်စေမယ့် အပြုအမူတွေ ရှောင်ကျဉ်တာကိုပြောတာပါ။ (၂) သစ္စာရှိပါ။ မိမိရဲ့ ဇနီးအပေါ်၊ မိမိရဲ့ခင်ပွန်းအပေါ် သစ္စာရှိဖို့ပါ။ (၃)အကာအကွယ်သုံးပါ။ အကာအကွယ်သုံးတယ်ဆိုတာက တစ်ဦးမှာရောဂါပိုးရှိခဲ့လျှင် ရောဂါပိုးမရှိတဲ့တစ်ဦးကို မကူးစက်အောင် အကာအကွယ်(ကွန်ဒုံး) သုံးခြင်းကိုပြောတာပါ။ ကျွန်မတို့ ကက်သလစ်အသင်းတော် အနေနှင့်ကတော့အသိတရားနှင့်ဆင်ခြင်သုံးသပ်ဖို့ပြောထားတယ်

**OSC ။ ။ ဘယ်လို လူမျိုးတွေ HIV ပိုးရှိမရှိသွေးစစ်သင့်သလဲ။**



MCHAN။ ။ လူတိုင်း HIV ပိုးရှိ၊မရှိ သွေးစစ်သင့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ HIVပိုးဟာ လူမျိုးမရွေး ဘာသာမရွေး၊ အရွယ်မရွေး၊ ကူးစက်နိုင်ပါတယ်။ ဒါ့ကြောင့်ကိုယ့်ဘဝရဲ့ အနာဂတ်အတွက်လုံခြုံစိတ်ချရစေဖို့ သွေးစစ်သင့်ပါတယ်။

**OSC ။ ။တကယ်လို့များ HIV ရောဂါပိုးရှိခဲ့ရင် ဘယ်လိုမျိုးပြုမူနေထိုင်သင့်သလဲဆိုတာလေးနည်းနည်းလောက် ပြောပြပေးပဲ့လား အစ်မ။**

MCHAN ။ ။ရောဂါပိုးရှိခဲ့ရင် ကိုယ့်ဆီကနေ သူတစ်ပါးကို မကူးစက်အောင် ကာကွယ်သင့်ပါတယ်။ HIVရှိတယ်လို့သိတာနှင့်တစ်ပြိုင်နက် စောစီးစွာဆေးမကုသဘူးဆိုလျှင် အေအိုင်ဒီအက်(စ်) အဆင့်ကိုရောက်ဖို့လွယ်ကူသွားနိုင်ပါတယ်။ ဆေးကုသလို့ ဆရာဝန်ကဆေးသောက်ဖို့ ညွှန်ကြားပြီဆိုလျှင် ဆေးကို အချိန်မှန်မှန်သောက်ဖို့လိုပါတယ်။ အစာအာဟာရကိုမျှတအောင်စားဖို့လိုပါတယ်။ မိမိရဲ့စိတ်ဓါတ်ခွန်အားကလည်း အရေးကြီးပါတယ်။ အိပ်ချိန်မှန်အောင်အိပ်ဖို့လည်း လိုပါတယ်။ ဆေးမှန်မှန်သောက်ခြင်းအားဖြင့် HIVပိုးနှင့်နေထိုင်သူဟာ ကျန်းမာပျော်ရွှင်တဲ့ဘဝကိုပိုင်ဆိုင်နိုင်မှာပါ။

**OSC ။ ။အစ်မအနေနှင့် HIV ရောဂါပိုးနှင့်အသက်ရှင်နေရတဲ့သူတွေကို ဘာများအကြံပေးချင်ပါသလဲ။**

MCHAN ။ ။HIV ပိုးနှင့် အသက်ရှင်နေတဲ့သူများအနေနှင့် စိတ်ဓါတ်ကျဖို့မလိုပါဘူး။ ဘုရားသခင်က ဒါဏ်ခတ်ထားလို့ရတာမဟုတ်ပါဘူး။ ဝဋ်ကြွေးရှိလို့HIVပိုးရခဲ့တာမဟုတ်ပါဘူး။ သာမာန်လူတွေလိုပဲနေထိုင်စားသောက် သွားလာလို့ရပါတယ်။ လူဖြစ်လာရတဲ့ဘဝမှာ ကောင်းမွန်စွာအသက်ရှင်နေထိုင်ဖို့လိုပါတယ်။ မိမိဘာသာအလိုက်ဘုရားရှိခိုးခြင်း၊ တရားမှတ်ခြင်းများပြုလုပ်ပေးသင့်ပါတယ်။ နေ့စဉ်ကိုယ်နိုင်တဲ့လေ့ကျင့်ခန်းလေးများ ပြုလုပ်ပေးဖို့စတဲ့အကြံဉာဏ်များပေးချင်ပါတယ်။

**OSC ။ ။MCHANက ကက်သလစ်သာသနာရုံးအနေနဲ့ဆိုတော့ စောင့်ရှောက်ပေးတဲ့နေရာမှာရော လူမျိုးမရွေး ဘာသာမရွေးစောင့်ရှောက်ပေးတာလား အစ်မ။**

MCHAN ။ ။အစ်မတို့ MCHANက ကက်သလစ်သာသနာရုံးအနေနှင့် လူမျိုးမရွေး ဘာသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုပေးပါတယ်။

**OSC ။ ။အစ်မအနေနှင့် ဘာများထပ်ပြီးတော့ ဖြည့်စွက် ပြောချင်ပါသေးသလဲ။**

MCHAN ။ ။အစ်မအနေနှင့် ထပ်ပြီးပြောချင်တာကတော့ HIVပိုးမရှိတဲ့သူတွေကလည်း ရောဂါပိုးမကူးစက်အောင် မိမိကိုယ်ကို ကာကွယ်သင့်ပါတယ်။ HIVပိုးနှင့်အသက်ရှင်တဲ့ လူတွေကို အပေါ်ခွဲခြားနိမ့်ချဆက်ဆံခြင်းမရှိသင့်ပါဘူး။ ကူးစက်နိုင်တဲ့နည်းလမ်းက အဓိက(၃)နည်းဘဲရှိတဲ့အတွက် ကျန်တဲ့နည်းတွေနှင့် မကူးစက်နိုင်ပါဘူး။ အားလုံးဟာလူသားတွေပဲဖြစ်ပါတယ်။ အားလုံးကို ဘုရားသခင်ကချစ်ပါတယ်။ ဒါ့ကြောင့်အစ်မတို့က အချင်းချင်းချစ်ဖို့ ကူညီဖေးမဖို့လိုပါတယ် အစ်မတို့မြန်မာကက်သလစ် HIV/AIDS ကွန်ယက် (MCHAN)ကို လှူဒါန်းချင်တယ်ဆိုလျှင် ဆက်သွယ်လှူဒါန်းလို့ ရပါတယ်။ အစ်မတို့ရုံးလိပ်စာကတော့ အမှတ် ၂၉၂(က)ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်ဖြစ်ပါတယ်။ ဖုန်းနံပါတ်- **၀၁-၅၀၁၃၇၇** ကိုလည်း ဆက်သွယ်လို့ရပါတယ်။ အစ်မတို့ရုံးရဲ့ လုပ်ဆောင်မှုတွေကို**www.Facebook.com/mchan.mm** မှာလည်းဝင်ရောက်ကြည့်ရှုလို့ရပါတယ်။ အစ်မတို့ရဲ့ E.mail လိပ်စာကတော့ MCHANNetwork@gmail.com ကနေပြီးတော့လည်း ဆက်သွယ်လို့ရပါတယ်။

**OSC ။ ။အခုလိုမေးခွန်းတွေ မြန်မာကက်သလစ် MCHAN HIV/AIDS Network ရဲ့ လုပ်ဆောင်မှုလေးတွေကို ဖြေကြားပေးတဲ့ အတွက် အစ်မကိုကျေးဇူး အများကြီးတင်ပါတယ်။**

MCHAN ။ ။ အစ်မအနေနှင့်ရော အစ်မတို့ရုံးရဲ့ ကိုယ်စားအနေနှင့်ရော အခုလို ဖြေကြားခွင့်ရတဲ့အတွက် အစ်မကလည်းအရမ်းကျေးဇူးတင်ပါတယ်။





# တောင်ကြီးဂိုဏ်းချုပ်ဆရာတော်အသစ်ခန့်အပ်ခြင်းမှတ်တမ်းများ

ဆရာတော်ဘာဆီးလျိုအားသိုက်အား တောင်ကြီးဂိုဏ်းချုပ်ဆရာတော် ကြီးအဖြစ် ခန့်အပ်ခြင်းအခန်းအနားကို တောင်ကြီးမြို့ စိန်ဂျိုးဇက် ကယ်သီဒြယ်တွင် စည်းကား သိုက်မြိုင်စွာကျင်းပခဲ့ပါသည်။

ရပ်ဝေးရပ်နီးမှ ဧည့်သည်တော်များသည် ၂၉၊၂၀၁၆ ခုနှစ်တွင်ရောက်ရှိ ကြကာ ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော် ဂိုဏ်းချုပ်ဆရာတော်ကြီး ပေါလ်ဆမ်အင်နမ် နှင့် မြန်မာနိုင်ငံသာသနာအသီးသီးမှဂိုဏ်းချုပ်၊ဂိုဏ်းအုပ်ဆရာတော်ကြီးများကိုရိုးရာဘင်ခရာအဖွဲ့များနှင့် ဘာသာတူသားသမီးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ရဟန်းမင်းကြီးကိုယ်စားလှယ်မှ ၊ စိန်ဂျိုးဇက်ကက်သလစ်ဗဟိုဘုရားရှိခိုးကျောင်း မှခ်ဦးကောင်းချီးမင်္ဂလာ ပေးဖွင့်လှစ်ပေးခဲ့သည်။ ရဟန်းမင်းကြီး ကိုယ်စား လှယ်တော်နှင့်အတူ ဆရာတော်ကြီးများသည် တောင်ကြီးမြို့ရှိ စိန်မိုင်ကယ် ဝိညာဉ် ရေးရာပြင်ဆင်သောကျောင်းနှင့် ဘုရားဖြူ မသန်မစွမ်းဂေဟာများသို့ ကြည့်ရှုလည်ပတ် အားပေး ခဲ့ပါသည်။

ပလ္လင်အပ်နှင်းခြင်းအခမ်းအနားကို ၃၀၊၉၊၂၀၁၆ နေ့ နံနက် ၉နာရီတွင် ဘင်ခရာအဖွဲ့များက ရဟန်းမင်းကြီးကိုယ်စားလှယ်တော်နှင့်အတူ ဆရာတော်ကြီး (၁၇)ပါး၊ ဘုန်းတော်ကြီး(၁၇၀)ပါးကျော်တို့ကိုပင့်ဆောင်လာကာ စိန်ဂျိုးဇက်ကယ်သီဒြလ်ကျောင်းတော်ကြီးထဲသို့ပို့ဆောင်ပေးခဲ့သည်။

မစ္ဆားတရားတော်မြတ်ကို ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်ကြီးကဦးဆောင်ကာတောင်ကြီးဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ်ပလ္လင်အပ်နှင်းခြင်းကိုမစ္ဆားတရား အစတွင်ပြုလုပ်ခဲ့ပါသည်။တောင်ကြီးဂိုဏ်းချုပ်ဆရာတော်အဖြစ်ရွေးချယ်ခြင်းခံရကြောင်း ရဟန်းမင်းကြီးအရှင်သူမြတ်ထံတော်မှ စာချွန်တော်ကိုလာတင်ဘာသာနှင့်မြန်မာဘာသာတို့ ဖြင့်ဖတ်ကြားပေးခဲ့သည်။





## တောင်ကြီးဂိုဏ်းချုပ်ဆရာတော်ကြီးအဖြစ်ခန့်အပ်သောစာချွန်လွှာ

အစေခံတို့၏ အစေခံတည်းဟူသော ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ်ထံမှ တောင်ကြီးဂိုဏ်းချုပ်သာသနာ၏အကူဆရာတော်နှင့်တာဝန်ခံဆရာတော် တစ်ချိန်တည်းမှာပင် ၎င်းသာသနာတော်၏တာဝန်ခံဂိုဏ်းချုပ်ဆရာတော်အဖြစ် တာဝန်သူသော ကျွန်ုပ်၏ချစ်သောညီတော် ဆရာတော်ဘာဆီးလျိုအားသိုက်ကို ကောင်းချီးမင်္ဂလာတော်နှင့်နှုတ်ခွန်းဆက်သအပ်ပါသည်။

သာသနာတော်ပြန့်ပွားရေးရုံး၏အကြံကို ကြားနာရပြီးသည်နောက် ဂိုဏ်းချုပ်ဆရာတော်ကြီးမာတီးယားဦးရွှေအနားယူခဲ့စဉ်ကတည်းက လစ်လပ်နေ သောတောင်ကြီးဂိုဏ်းချုပ်သာသနာပလ္လင်တော်အတွက် သိုးထိန်းဆရာတော် တစ်ပါးခန့်အပ်ရန် လိုအပ်လာပါသဖြင့် ချစ်သောညီတော်သည် သာသနာပြုအ ရည်အချင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ပညာအရည်အချင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ်၊ ဤဂိုဏ်းချုပ်သာသနာတော်ကိုဦးဆောင်ထိုက်သောပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အသင်း တော်၏ ဖခင်စိန်ပီတာအရှင်သူမြတ်၏အရိုက်အရာခံ ကျွန်ုပ်ယုံကြည်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အခွင့်အာဏာတော်ဖြင့် ညီတော်ကို အကူဆရာတော်၊ တာဝန်ခံဆရာတော်နှင့် သာသနာတော်စီမံအုပ်ချုပ်သောဆရာတော်တာဝန်မှ ဖြေလွှတ်ပြီး ဂိုဏ်းချုပ်ဆရာတော်အခွင့်အာဏာ၊ တာဝန်ဝတ္တရားနှင့်အတူ တောင် ကြီးဂိုဏ်းချုပ်ဆရာတော်အဖြစ်ခန့်အပ်ပါသည်။

သာသနာတော်ပြန့်ပွားရေးရုံး၏ အကြံကို ကြားနာရပြီးသည်နောက် ဂိုဏ်းချုပ် ဆရာတော်ကြီးမာတီးယားဦးရွှေ အနားယူခဲ့စဉ်ကတည်းက လစ်လပ်နေ သောတောင်ကြီးဂိုဏ်းချုပ် သာသနာ ပလ္လင်တော်အတွက် သိုးထိန်းဆရာတော် တစ်ပါးခန့်အပ်ရန်လိုအပ်လာပါသဖြင့် ချစ်သောညီတော်သည် သာသနာပြုအ ရည်အချင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ် ဓမ္မပညာအရည်အချင်းနှင့်ပြည့်စုံသောပုဂ္ဂိုလ် ဤဂိုဏ်းချုပ်သာသနာတော်ကို ဦးဆောင်ထိုက်သောပုဂ္ဂိုလ်ဖြစ်ကြောင်း၊ အသင်း တော်၏ ဖခင်စိန်ပီတာအရှင် သူမြတ်၏အရိုက်အရာခံ ကျွန်ုပ်ယုံကြည်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏အခွင့်အာဏာတော်ဖြင့် ညီတော်ကို အကူဆရာတော်၊ တာဝန်ခံဆရာတော်နှင့် သာသနာတော်စီမံအုပ်ချုပ်သောဆရာတော်တာဝန်မှ ဖြေလွှတ်ပြီး ဂိုဏ်းချုပ်ဆရာတော်အခွင့်အာဏာ၊ တာဝန်ဝတ္တရားနှင့်အတူ တောင် ကြီးဂိုဏ်းချုပ်ဆရာတော်အဖြစ်ခန့်အပ်ပါသည်။

ဤခန့်အပ်လွှာပါအကြောင်းအရာများကိုဂိုဏ်းချုပ်သာသနာတော်မှာရှိကြကုန်သော ရဟန်းရှင်လူအပေါင်းတို့ကို အသိပေးကြေညာပေးပါရန်နှင့် ရဟန်း ရှင်လူအပေါင်းတို့သည်လည်း သင့်အားကြည်ညိုခြင်းနှင့် နာခံခြင်းပြုကြစေကြောင်းတိုက်တွန်းနိုးဆော်အပ်ပါသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ကျေးဇူးတော်ခြင့် ချစ်သောညီတော် သင်၏ကောင်းမြတ်သော ကိုယ်နှုတ်အမူအကျင့်တို့ဖြင့် သင့်အားအပ်ထားသော ဘာသာတူ သားသမီးများကို ပြုစုစောင့်ရှောက်လော့။ ‛မျက်မှောက်ခေတ်လူတို့သည် သွန်သင်သူထက် စံနမူနာပြသူကို စိတ်ဝင် တစား နားထောင်တတ်၏။ ထိုစံနမူနာပြသူ တို့ကို နားထောင်သည့်အကြောင်းရင်း ကား ထိုသူတို့သည် လမ်းကောင်းပြသူဖြစ်သော ကြောင့်တည်း”။ ဟူသော ရဟန်းမင်းကြီးဆဌမမြောက်ပေါလူး အရှင်သူမြတ်၏ စကားကို သတိရစေလော့။ (AAS 66[1974],p.568)

ခရစ်တော်၏ ငြိမ်သက်ခြင်းမင်္ဂလာနှင့် ကညာစင်မာရိယာ၏ စောင်မခြင်းကျေးဇူးတော်သည် သင်နှင့် မြန်မာနိုင်ငံရှိ ဤသာသနာတော်အပေါ် သက် ရောက်ပါစေသော်။

ဤ ခန့်အပ်လွှာကို ခရီးသက္ကရာဇ် ၂၀၁၆ ခုနှစ်၊ ဇွန်လ(၂၄)ရက်၊ ရှင်ယောဟန်ဗတ္တိဇံ မွေးနေ့ပွဲတော်၊ ကျွန်ုပ်၏ ရဟန်းမင်းကြီးသက်တန်း(၄)နှစ်မြောက်သောနှစ် နှင့် သနားကြင်နာခြင်းဂျူဘီလီနှစ်အတွင်း ရောမမြို့ စိန်ပီတာကျောင်းတော်ကြီးမှ ထုတ်ပြန်လိုက်ပါသည်။

(ရဟန်းမင်းကြီး ဖရန်းစစ်အရှင်သူမြတ်)

ဆက်လက်၍ရဟန်းမင်းကြီး၏ကိုယ်စားလှယ်တော်က ဂိုဏ်းချုပ်ဆရာတော်အသစ်အဖြစ် ရွေးချယ်ခန့်အပ်ခြင်းအကြောင်းများကို ဦးစွာရှင်းလင်းပြကာ မြန်မာ နိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများ၏ အထွေထွေအတွင်းရေးမှူး ဘုန်းတော်ကြီး မောရစ် ဦးညွန့်ဝေက မြန်မာဘာသာဖြင့်ပြန်လည်ရှင်းပြခဲ့ပါသည်။



ချစ်ခင်လေးစားရပါသော ဘာသာ ဝင်ညီအစ်ကိုမောင်နှမ အပေါင်း တို့

ယနေ့နံနက်၌စိန်ဂျိုးဇက် ဘုရားကျောင်းတော်ကြီးမှာ အတူ စုရုံး ရောက် ရှိလာခြင်းဟာ တောင်ကြီး ဂိုဏ်းချုပ်ဆရာတော် အဖြစ် ရဟန်းမင်းကြီးအရှင် သူမြတ် ဖရန်စစ်က ခန့်အပ်လိုက်တဲ့ ဆရာတော်ကြီး  ဘာဆီးလျို အားသိုက်ကိုကြိုဆို ဂုဏ် ပြုဖို့ဖြစ်ပါတယ်။ တောင်ကြီးသာသနာ  နယ်ရှိယုံကြည်သူဘာသာဝင်များသာမက  မြန်မာနိုင်ငံ  သာသနာတော် တစ်ခုလုံးနှင့်အတူတကွ သာသနာတော် အထူးသဖြင့် တောင်ကြီး သာသနာအပေါ် သွန်းလောင်းချပေး သနားတော်မူသော ကျေးဇူးတော်များအတွက် ဘုရားသခင်ကို ကျေးဇူး တင် ချီးမွမ်းလိုပါတယ်။

မြန်မာနိုင်ငံတစ်ဝှမ်းရှိ ဆရာတော်ကြီးများ၊ တောင်ကြီးသာ သနာပိုင် ဘုန်းတော်ကြီးများနှင့်အတူတကွ ပူဇော်မယ့် မစ္ဆားတရားတော်အတွင်းမှာ ဂိုဏ်းချုပ်ဆရာတော်အသစ် ဘာဆီးလျို အားသိုက်ကသူ့ရဲ့ ရာထူးတာဝန်ကိုကာန္တန် ဥပဒေ အရတရားဝင် ရရှိပုံကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒီအဆောင်အယောင် ”လည်ဆွဲတော်”ဟာ သိုးငယ်အမွေးနှင့် ယက်လုပ်ထားပြီး လွန်ခဲ့တဲ့ ဇွန်လ ၂၉ ရက် နေ့ စိန်ပီတာနှင့်စိန်ပေါလ် ပွဲနေ့မှာ ရဟန်းမင်းကြီးက ကောင်းချီးပေးထားတဲ့ “လည်ဆွဲတော်” ဖြစ်ပါတယ်။ တောင်ကြီးဂိုဏ်းချုပ်ဆရာတော်သစ်ရဲ့ သိုးထိန်း လုပ်ငန်းအတွက် အဓိပ္ပါယ် များစွာ ရှိပါတယ်။

ပထမဆုံးအနေနှင့် ဒီ“လည်ဆွဲတော်” သည် ကောင်းသောသိုးထိန်းရဲ့ သင်္ကေတဖြစ်ပါတယ်။ ပျောက်တဲ့သိုးကိုလိုက်ရှာပြီးရှာတွေ့တဲ့အခါ ပုခုံးအပေါ်မှာ ကြင်နာ စွာတင်ကာ ကောင်းကောင်းဘုံရှင်ဘုရားသခင်ရဲ့ စံအိမ်တော်တည်းဟူသော အသင်းတော်ဆီသို့ပြန်လည်ခေါ် ဆောင်ပေးတဲ့သိုးထိန်းသင်္ကေတအမှတ်သညာ ဖြစ်ပါတယ်။

ဒီ“လည်ဆွဲတော်” သည်ရှင်ပေထရု၏အရိုက်အရာကိုဆက်ခံခဲ့သူဖြစ်သောယုံကြည်ခြင်းနှင့်တစ်လုံး တစ်ဝတည်းရှိခြင်းတို့ကိုဖေါ်ပြတဲ့မြင်နိုင်တဲ့ အခြေခံ အုတ်မြစ် တည်းဟူသော ရဟန်းမင်းကြီးနှင့် တစ်လုံးတစ်ဝတည်းရှိသည့် အမှတ်လက္ခဏာလည်း ဖြစ် ပါတယ်။ တစ်ချိန်တည်းမှာပဲ ဂိုဏ်းချုပ်သာသနာအတွင်းရှိ ဆရာတော်များကြားမှာ သာသနာပိုင်ချုပ်အခွင့်အာဏာရှိကြောင်းအမှတ်လက္ခဏာ လည်းဖြစ်ပါတယ်။

ဤနေရာတွင်စုရုံးရောက်ရှိသူအားလုံး၊ ဂိုဏ်းချုပ်ဆရာတော်သစ်ရဲ့ သိုးထိန်းတမန်တော်လုပ်ငန်း သီးပွင့်စေကာ အောင်မြင်ပါစေကြောင်းနှင့် ကောင်း သောသိုးထိန်းယေရှုခရစ်တော်၏ နှလုံးသားအတိုင်း မိမိအား အပ်ထား သော သိုးများကို မေတ္တာစံထားအစေခံသွားနိုင်ဖို့ ဆုတောင်းပေးကြဖို့ကိုလည်း တောင်း ဆိုလိုပါတယ်။” ဟု မြွက်ကြားခဲ့ပါသည်။





ထို့နောက် ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်ရှေ့တွင် တောင်ကြီးဂိုဏ်းချုပ်ဆရာတော်အဖြစ် ယုံကြည်ချက်များကို ဝန်ခံခြင်းနှင့် သစ္စာစောင့်ထိန်းခြင်း ပဋိညာဉ် ပြုကာ ရဟန်းမင်းကြီး၏ ကိုယ်စားလှယ်က တောင်ကြီးဂိုဏ်းချုပ်ဆရာတော်အသစ် ဂိုဏ်းချုပ်ဆရာတော်ဘာဆီးလျိုအားသိုက်ကို တောင်ကြီးဂိုဏ်းချုပ် သာသနာ၏ ပလ္လင်တော်သို့ပို့ဆောင်ကာ ပလ္လင်အပ်နှင်းခဲ့ပါသည်။ တောင်ကြီးသာသနာ ဘုန်းတော်ကြီးများ အားလုံးကလည်း ဂိုဏ်းချုပ် ဆရာတော်ကြီး၏ရှေ့မျက်မှောက်တွင် နာခံခြင်း ဂတိသစ္စာကို ပြန်လည် ပြုလုပ်ခဲ့ကြကာ မစ္ဆားတရားတော်ကို “ဂလိုရီယာ” သီချင်း သီဆိုကာ မစ္ဆားတရားတော်မြတ်ကို တင်ပူဇော်ခဲ့ကြပါသည်။





# ရဟန်းမင်းကြီးကိုယ်စားလှယ်တော်၏ အားပေးစကား

ချစ်ခင်လေးစားရပါသော ဂိုဏ်းချုပ်၊ဂိုဏ်းအုပ်ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ သူတော်စင်များဘာသာဝင် ညီအစ်ကိုမောင်နှမအပေါင်းတို့

ဒီနေ့အခန်းအနားဟာ မြန်မာနိုင်ငံသာသနာတော်ကြီးနှင့်အတူ အထူးသဖြင့် တောင်ကြီးသာသနာ ဘာသာဝင်များနှင့်အတူပါဝင်ဆင်နွှဲခွင့်ရတဲ့အတွက် အထူး ဝမ်းသာ ပါတယ်။ ပထမဦးစွာ မြန်မာနိုင်ငံရှိကက်သလစ်သာသနာတော်နှင့် အတူအထူးသဖြင့် တောင်ကြီးသာသနာအပေါ် သွန်းလောင်းချပေးသနားတော်မူသော ကျေးဇူးတော်များအတွက် အဖဘုရားရှင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့အပေါ် မေတ္တာတော်အဆုံးမဲ့ကြွယ်ဝတော်မူသောကြောင့် ကျွန်ုပ်တို့၏သခင် ကယ်တင်ရှင် ယေရှုခရစ်တော်၏ အဖခမည်းတော်အား ကျေးဇူးတင်ကြပါတယ်။

ဒီပွဲတော်အားဖြင့် ၁၉ ရာစုအစောပိုင်းကတည်းက ဤဒေသသို့ ရောက်ရှိလာခဲ့ကြသော PIME သာသနာပြုများကို ကျေးဇူးတင်ကြောင်းဖေါ်ပြရာ ရောက်ပါတယ်။ သူတို့ရဲ့ တမန်တော်စိတ်ဓါတ်၊ ပေးဆပ်စွန့်လွှတ်အနစ်နာခံခြင်း၊ ကယ်တင်ခြင်းသတင်းကောင်းကို ကျွန်ုပ်တို့ထံသယ်ဆောင်လာခြင်းတို့အတွက် ကျေးဇူးတင်ရမှာဖြစ်ပါတယ်။ တောင်ကြီးဂိုဏ်းချုပ်သာသနာမှ လွိုင်ကော်သာသနာ၊ ဖယ်ခုံသာသနာဆိုပြီးထပ်မံ ခွဲလိုက်တဲ့အတွက် ယခုဆိုရင် တောင်ကြီးဂိုဏ်းချုပ်သာသနာမှာ ဘာသာဝင် ခုနစ်ထောင်နီးပါးဘဲရှိပါတော့တယ်။

အီတလျံသာသနာပြုများနှင့် အစပြုခဲ့သောလုပ်ငန်းသည် ဒေသခံတိုင်းရင်းသား ဘုန်းတော်ကြီးများ၊ သူတော်စင်ဂိုဏ်းဝင်များနှင့် ဘာသာဝင်များတို့ရဲ့ဆက်လက် ကြိုးပမ်းအားထုတ်မှုကြောင့် တိုးတက်ဖွံ့ဖြိုးကာ သီးပွင့်ဝေဆာကာ လူမှုအသိုင်းအဝိုင်း ပရဟိတအကျိုးသယ်ပိုးနိုင်စေကြောင်းလည်းဆုတောင်းပေးပါတယ်။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံကက်သလစ်သာသနာတော်ရဲ့ သမိုင်းဝင်ကဏ္ဍကိုလာရောက်ရှုမြင်ခြင်းဖြစ်တယ်။ တောင်ကြီးဂိုဏ်းချုပ်ဆရာတော်ရဲ့ "လည်ဆွဲတော်မြတ်" အပ်နှင်းခြင်းအားဖြင့် တရားဝင်ခန့် အပ်ခြင်းဟာ ရဟန်းမင်းကြီးနှင့်တစ်လုံးတစ်ဝတည်းရှိကြောင်းနှင့် သာသနာပိုင်ချုပ် သိက္ခာတော်ရရှိကြောင်း အမှတ်လက္ခဏာဖြစ်ပါတယ်။

ဤအခန်းအနားမှာ အနားယူသွားပြီဖြစ်သော ဂိုဏ်းချုပ်ဆရာတော် မာတီးယဦးရွှေကို လှိုက်လှဲစွာ ကျေးဇူးတင်နုတ်ဆက်ချင်ပါတယ်။ ၁၉၈၀ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ လက်ထောက်ဆရာတော် အဖြစ်သိက္ခာတော် ဘိသိတ်ခံရပြီး ၁၉၉၀ခုနှစ်၊ ဩဂုတ်လ(၁၂) ရက်နေ့မှာ ဒုတိယမြောက်တောင်ကြီး ဆရာတော်အဖြစ် ပလ္လင်အပ်နှင်းခံရပါတယ်။ ၁၉၉၈ခုနှစ်မှာ ရဟန်းမင်းကြီး အရှင်သူမြတ် ဂျွန်ပေါလ်က တောင်ကြီးသာသနာကို ဂိုဏ်းချုပ်သာသနာအဖြစ် သတ်မှတ်လိုက်ပြီး ဆရာတော်ကိုလည်း ဂိုဏ်းချုပ်ဆရာအဖြစ် ခန့်အပ်လိုက်ပါတယ်။

သူ့ရဲ့ နှစ်ရှည်လများ ဆက်ကပ်အစေခံမှုကြောင့် ကျန်းမာရေးလည်း ချို့ယွင်းလာတာမို့ အနားယူခွင့်ကိုတောင်းလျှောက်ခဲ့ပါတယ်။ ရဟန်းမင်းကြီးဖရန်စစ် အရှင်သူမြတ်က ၂၀၁၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှာ သူ့ရဲ့လျှောက်လွှာက လက်ခံခဲ့ပါတယ်။ ဂိုဏ်းချုပ်ဆရာတော်ဘုရား သန့်ရှင်းသော အမိသာသနာတော်ကြီးရဲ့ ရုံးတော်ကိုယ်စား အဆွေတော်ရဲ့အမျှော်အမြင်ပြည့်ဝသော မမောမပန်းနိုင်သည့် ဆက်ကပ်အစေခံမှု၊ နှစ်ပေါင်းများစွာ ညီအစ်ကိုရင်း စိတ်ဓါတ်နှင့် ဦးဆောင်သွားခဲ့မှုများအတွက် ကျေးဇူးတင်ကြောင်းဖေါ်ပြလိုပါတယ်။

ဒါကြောင့်အဆွေတော်ကို တာဝန်မှ အနားယူစဉ်မှာလည်း ကျန်းမာဝမ်းသာစွာနှင့် သာသနာ့အမှုတော်ကိုဆက်လက်၍သယ်ပိုးနိုင်ပါစေကြောင်းလည်းဆန္ဒပြုပါတယ်။ ကျေးဇူးတင်မှုကို ပြသသောအားဖြင့် ရဟန်းမင်းကြီးကောင်းချီးပေးထားသော စိတ်ပုတီးကို လက်ဆောင်အဖြစ်ချီးမြင့်လိုပါတယ်။



ဂိုဏ်းချုပ်ဆရာတော်ကြီးမာတီးယဦးရွှေ အနားယူပြီးနောက်ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်စစ်က ဇွန်လ ၂၄ ရက်နေ့တွင် ဆရာတော်ဘာစီးလျိုအားသိုက်ကို တောင်ကြီးဂိုဏ်းချုပ်ဆရာတော်အဖြစ် တင်မြှောက်ခဲ့ပါတယ်။ ဒါကြောင့် ဒီမဿားတရားတော်မြတ်အတွင်း တရားဝင်ပလ္လင်အပ်နှင်းခြင်း အခန်းအနားမှာ ကျွန်ုပ်တို့ ဝမ်းမြောက်စွာ ပါဝင်ခဲ့ကြပါတယ်။ သူ့ရဲ့လက်တွင် အပ်နှင်းလိုက်တဲ့ တောင်ကြီးဂိုဏ်းချုပ်သာသနာ ဘာသာဝင် တို့ရဲ့ အကျိုးကိုဆထက်တန်ပိုးသယ် ပိုးထမ်းရွက်နိုင်ဖို့ သခင်ဘုရားထံ ဆုတောင်း ပေးကြပါစို့။



"ဂိုဏ်းချုပ်ဆရာတော်ကြီးဘုရား ရဟန်းမင်းကြီးဖရန်စစ် မကြာခဏ ပြောလေ့ ရှိတဲ့ စကားနှင့် ဆွေတော်ကို နုတ်ဆက်ဂုဏ်ပြုလိုပါတယ်။ ဆရာတော်ရာထူးဆိုတာ ဂုဏ်ထူးတစ်ခုမဟုတ်ပါဘူး၊ အစေခံတဲ့ဘဝရဲ့အမည်နာမသာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆရာတော်ဘဝက အာဏာပြဖို့ထက် အစေခံပြဖို့ဖြစ်တယ်။ ဒါမှလည်း ရှင်လုကား ၂၂း၂၆ မှာမြွက်ကြားခဲ့တဲ့ "သင်တို့တွင် အကြီးမြတ်ဆုံးသူသည် အငယ်ဆုံးကဲ့သို့ဖြစ်ရမည်၊ ဦးဆောင်သောသူသည် အစေခံကဲ့သို့ဖြစ် ရမည်" ဆိုသည်အတိုင်းဆရာသခင်ရဲ့ကစားကို စောင့်ထိန်းရာ ရောက်မှာဖြစ်တယ်။

ဂိုဏ်းချုပ်ဆရာတော်ကြီးဘုရား ခရစ်တော်ရဲ့အမှုတော်ဆောင်အဖြစ်နှင့် ဘုရားသခင်ရဲ့ ကျေးဇူးတော်များ ဖြန့်ဝေသူအဖြစ် ဝိညာဉ်တော်မြတ်နှင့် ဧဝံဂေလိ တရားတော်အားဖြင့် သင့်ကိုတာဝန်အပ်နှင်းလိုက်ပြီဖြစ်ပါတယ်။

( အဆက်စာမျက်နှာ ၁၃ သို့)



## (ရဟန်းမင်းကြီးကိုယ်စားလှယ်မှ အဆက်)



အဆွေတော်ကိုသာသနာတော်ကြီးက ခရစ်တော်၏ နက်နဲရာ ကျေးဇူးတော်များကိုစောင့်ရှောက်သူနှင့် ဖြန့်ဝေသူအဖြစ် ခန့်အပ်လိုက် ပြီဖြစ်တယ်။ ဤသို့ဆောင်ရွက်ရာမှာမိမိ၏ သိုးများ ကို သိသော၊ သိုးများကလည်းမိမိကိုသိသောသိုးထိန်းတော်ကိုစံပြုအတုယူပါ။သင်၏ လက်တွင်း သို့အပ်နှင်းထားသော ဘုရား လူမျိုးတော်သိုးစုက မေတ္တာကရုဏာနှင့်ကြည့်ရှု စောင့်ရှောက်ပါ။

ညီအစ်ကိုမောင်နှမအပေါင်းတို့ ဒေသခံ သာသနာတော် နှင့် အတူတကွ သင်တို့အတွက် ဆုတောင်းပေးမယ်လို့ ကတိပြုလိုပါတယ်။ သာသနာပြုတို့၏ ကြယ်စင်နှင့်တမန်တော်တို့၏ သခင်မဖြစ်သော မယ်တော်မာရီယား၏ ကြားဝင်ဆုတောင်းပေးခြင်းဖြင့်သင်တို့ အပေါ် သို့ကောင်းကင်ဘုံမှ ကျေးဇူးကောင်းချီးတော်များ အဖဘုရားသခင် သွန်းလောင်းချပေးသနားပါစေ။ သင်တို့၏ ဘဝလမ်းခရီးတွင် ဆုံကြုံရမည့်သူများကို လောကအလင်းတည်းဟူသော ခရစ်တော်ရှင်အကြောင်းကို ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတို့ဖြင့် ဟောပြော ကြေငြာရာ၌ အမိမယ်တော်လိုက်ပါလျက် လမ်းညွှန်ကာကွယ်စောင့်ရှောက်ပါစေလို့ မေတ္တာပို့သပေးပါတယ်။”





ပလ္လင်အပ်နှင်းခြင်းအခမ်းအနားပြီးဆုံးသောအခါ ရဟန်းမင်းကြီး ကိုယ် စားလှယ်တော်နှင့်အတူ ဆရာတော်ကြီးများ အစိုးရဌာနမှလွှတ်တော် ဥက္ကဌ နှင့်ဝန်ကြီးများ သာသနာရေးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ ညီအစ်ကို ခရစ်ယာန် အသင်းဂိုဏ်းမှ ဆရာတော်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအား နေ့လည်စာတည်းခင်းဧည့်ခံခဲ့ကြပါသည်။(cbcm-osc)

# ကလေးသူငယ်များတစ်နေ့တာဝတ်စောင့်ခြင်း

ရန်ကုန်ဂိုဏ်းချုပ်သာသနာ

စိန်အက်ဒွက်သာသနာ(မင်္ဂလာဒုံ) နှင့် စိန်ဂျဲမာ သာသနာ (ရွှေပြည်သာ) အတွင်းရှိ ကက်သလစ်လူငယ်များ၏ တစ်နေ့တာဝတ်စောင့်ခြင်းကို (၂၈၊၈၊၂၀၁၆) တနင်္ဂနွေနေ့တွင် စိန်ဒက်ဒွတ်သာသနာ၌ မနက် ၁၀း၀၀နာရီမှ ညနေ၄နာရီထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ လူငယ်များကို ပဲခူး စိန်ဂျိုးစက် ရဟန်းဖြစ်ကျောင်းမှ ဖာသာရဲ Saw Titus မှ တရားဒေသနာဟောကြားခဲ့ရာ သနားကြင်နာခြင်းဂျူဘီလီ၏အနစ်သာရများကို ပြန်လည်ခံစားခွင့်ပေးခဲ့သည်။ ကောင်းသောဆာမာရီတန်ကျမ်းပိုဒ်နှင့် အလွန်အကျွံအမပြောပြနိုင်လောက်အောင် ခွင့်လွှတ်ခြင်းတရားကို ပိုင်ဆိုင်ထားသော ဖခင်ကျမ်းပိုဒ်တို့မှဘုရားသခင်၏ကြီးမားလှသော ချစ်ခြင်းမေတ္တာ၊ခွင့်လွှတ်ခြင်း၊ သနားခြင်း၊ အနိုင်းမဲ့နားလည်တတ်ခြင်းနှင့်ပြည့်သော နှလုံးသားကိုပိုင်ဆိုင်ထားသော ဖခင်တစ်ဦးအကြောင်းကို လူငယ်များအား ရှင်းလင်းစွာဖြင့် ပြောကြားပေးခဲ့သည်။



ထို့နောက်ကိုယ်တော်မြတ်စက္ကရာမင်းတူးကို အတူတကွဖူးမျှော်ခြင်း၊ အပြစ်ဖြေခြင်းစက္ကရာမင်းတူးကို ထိုက်တန်စွာ ပြင်ဆင်ခဲ့ကြပါသည်။ နေ့လည်ပိုင်းတွင် စစ္စတာရဲလွီးမာရီ(SPS)မှ လူငယ်များအား အောင်မြင်သောလူငယ်များဖြစ်ရန် ကျင့်ကြံတည်ဆောက်သင့်သောအကျင့်(၇)မျိုးနှင့် ရှောင်ကြည်သင့်သော အကျင့်(၇)မျိုးတို့ကိုလည်းကောင်း၊ facebook သုံးသူများအတွက် ကောင်းကျိုးနှင့်ဆိုးကျိုးအကြောင်းတို့ကိုလည်းကောင်း၊ ၎င်းမှတဆင့် ဧဝံဂေလိသတင်းကောင်းကိုဝေငှနိုင်ကြောင်းလူငယ်များအားဝေငှသွားခဲ့ပါသည်။ထို့အပြင်လူငယ်အချင်းချင်းပို၍ရင်းနှီးခွင့်ရရှိလာစေရန်အတွက် Action Song ကခြင်း၊ ကစားခြင်းနှင့် တစ်နေ့တာ အစီအစဉ်များကိုအဖွဲ့ခွဲပြီး ပြန်လည်သုံးသပ်ခြင်း၊ ခံစားချက်နှင့်မျှော်မှန်းချက်များဝေငှခြင်းစသည်တို့ပြုလုပ်ခဲ့ပါသည်။ (လွီးမာရီ SPS)

# မြန်မာနိုင်ငံလုံးဆိုင်ရာသမာကျမ်းစာတော်မြတ်အလုပ်ရုံဆွေးနွေးပွဲ

မြန်မာနိုင်ငံလုံးဆိုင်ရာသမ္မာကျမ်းစာတော်မြတ်တမန်တော်လုပ်ငန်းကော်မရှင်၏ သနားကြင်နာခြင်းထူးခြားဂျူဘီလီနှစ်ဆိုင်ရာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးခြင်းအစီအစဉ်ကို ၂၅၊ ၈၊ ၂၀၁၆ မှ ၃၀၊ ၈၊ ၂၀၁၆ နေ့အထိ လားရှိုးမြို့၊ သံလုကာဓမ္မသင်တန်းကျောင်း၌ ဆရာတော်ကြီးဖိလစ်ဇဟောင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာသမ္မာကျမ်းစာတော်မြတ်တမန်တော် လုပ်ငန်းဆိုင်ရာဥက္ကဋ္ဌ Arch-Bishop Basilio Athaiတို့မှ သင်တန်းအဖွင့်မစ္ဆားတရားပူဇော်ပေးခြင်း၊ Fr. New Man, Fr. Brian Ba Nya, Fr. Maurice Nyut Wai, Fr. Saw Bosco တို့မှ အသင်းတော်၏ သမိုင်း၊ သမ္မာကျမ်းစာ ဓမ္မဟောင်း၊ ဓမ္မသစ်နှင့် ကိုယ်တော်မြတ်စက္ကရမင်းတူးအားဖြင့် သခင်ဘုရားပြသပေးတော်မူသော သနားဂရုနာတော်အကြောင်းနှင့် အဘဘုရားသခင်သည် ကျွန်ုပ်တို့ကိုသနားတော်မူသကဲ့သို့ ကျွန်ုပ်တို့အချင်းချင်း သနားကြင်နာခြင်းရှိကြဖို့ သွန်သင်လမ်းညွှန်ပို့ချပေးခဲ့ပြီး ဖေဖော်ရီလတွင် ညောင်လေးပင် မယ်တော်ပွဲနှင့်အတူ ကျင်းပမည့်မြန်မာနိုင်ငံလုံးဆိုင်ရာသမ္မာကျမ်းစာတော်လုပ်ငန်း(၁၀)နှစ်ပြည့် ဂျူဘီလီပွဲတော်အစီအစဉ်နှင့်ပတ်သက်ပြီး ပြုလုပ်မည့် အစီအစဉ်များအတွက် ကြိုတင်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။ ထိုသင်တန်းသို့ ပါဝင်တက်ရောက်သူများမှာ ရဟန်းတော်(၁၇)ပါး၊ ဂိုဏ်းအသီးသီးမှ သီလရှင်(၃၇)ပါး၊ ဒီကင်(၁)ပါးနှင့် သက်ဆိုင်ရာသာသနာအသီးသီးမှ သမ္မာကျမ်းစာ အဖွဲ့ဝင်(၄၇)ဦးတို့ဖြစ်ကြပြီး သင်တန်းနှင့်အလုပ်ရုံဆွေးနွေးပွဲအပြီးတွင် တရုတ်နိုင်ငံနယ်စပ် ရွှေလီမြို့သို့ လေ့လာရေးခရီးထွက်ခဲ့ကြပါသည်။ **Sr. Lazum Roi Ji, SJA**

ဖါသာရ်မောရစ်ညွှန့်ဝေ၏ဝေမျှခြင်း

# ကရုဏာရေတံခွန်ဖြစ်တော်မူသောကိုယ်တော်မြတ်မင်္ဂလာ (Sai Seng)

အသင်းတော်ရဲ့ သန့်ရှင်းသောဝိနည်းတော်ဆိုင်ရာ သွန်သင်ချက်များထဲမှာ "ကိုယ်တော်မြတ် မင်္ဂလာမှ ကျေးဇူးများသည် ကျွန်ုပ်တို့အပေါ်သို့ ရေတံခွန်အလား သွန်းလောင်းချပေးသနားလျက် ရှိပါသည်" ရေတံခွန်ဟာ အပေါ်ကနေ အောက်ကိုအဆက်မပြတ်စီးဆင်းတယ်။ ဘုရားသခင်ရဲ့ သနားကရုဏာတော်ဟာလည်းဘဲ မြင့်ရာအရပ်မှ နိမ့်ရာအရပ်သို့ အမြဲတမ်းစီးဆင်းတယ်။ ဒါကြောင့်မို့လို့ နိမ့်ချတဲ့နလုံးသားတွေထဲကို အမြဲတမ်းသူ့ရဲ့ကရုဏာတော်က စီးဝင်နေတယ်။ တသွင်သွင်စီးဆင်းနေတာ။ မိဘရဲ့မေတ္တာဟာသီတာရေလိုတသွင်သွင်စီးဆင်းတယ်။ မိဘအပေါင်းတို့ရဲ့ မိဘဖြစ်တော်မူသော ထာဝရဘုရားသခင်ရဲ့ သနားကရုဏာ မေတ္တာတော်ဟာလည်းဘဲ စမ်းတွင်းပမာ အမြဲတမ်း စိမ့်ထွက်နေပြီးတော့ ရေတံခွန်လို စီးဆင်းနေတယ်။ ဒါကြောင့် ရဟန်းမင်းကြီးက ဒီကရုဏာတော်ဂျူဘီလီနှစ်ထဲမှာ အသက်မုန့်ဖြစ်သော သခင်ယေဇူးဖြစ်သော ကိုယ်တော်မြတ်ထံသို့ ပြန်လာကြပါဆိုပြီးတော့ ဖိတ်ခေါ်တာဖြစ်တယ်။ ဘာကြောင့်မို့လို့ ရဟန်းမင်းကြီးက ကိုယ်တော်မြတ်ထံကို ပြန်လာဖို့ဖိတ်ခေါ်သလဲ၊ ဘာကြောင့်ပြန်လာရသလဲဆိုတော့ သခင်ယေဇူးကအနီးဆုံးလူဖြစ်နေလို့၊သခင်ယေဇူးက ကျွန်တော်တို့ အနားမှာရှိသော ရှင်ပြန်တော်မူသောခရစ်တော်မောနူအဲလ်။ ငါတို့နဲ့အတူရှိသော ဘုရားအနားမှာရှိနေတာကိုသတိမထားမိဘူး။ အဝေးမှာရှိနေတယ်လို့ထင်တာ၊ တကယ်တော့ အနီးအနားမှာရှိနေတယ်ကြည့်နေတယ်။ဒါကြောင့်မို့လို့ ရှိနေတယ် ကြည့်နေတယ်ဆိုတဲ့ ဘုရားသည် ကိုယ်တော်မြတ် မင်္ဂလာမှာ ဘုရားစင်စစ် ကျိန်းဝပ်စံပယ်လျက် ရှိနေတယ်။ အဲဒီတော့ ဝန်လေး၍ပင်ပန်းသော သူအပေါင်းတို့ ငါ့ထံကိုလာပါလို့ဖိတ်ခေါ်တဲ့ သခင်ခရစ်တော် (မာတေးဦး ၁၁-၂၈)(၂၉-၃၀) မှာ ငါ့ရဲ့ထမ်းပိုးကို ယူပြီးတော့ ထမ်းပါ။ ငါ့ထံမှသင်ယူပါ (learn from me)။ ဘာကိုသင်ယူရမှာလဲ၊ ငါသည်နူးညံ့သိမ်မွေ့နိမ့်ချသော သဘောရှိ၏။ သူ့ရဲ့နူးညံ့သိမ်မွေ့ခြင်းကို သင်ယူရမယ်၊ အဲဒီစာသင်ကျောင်းက ဘယ်မှာလဲ။ ကိုယ်တော်မြတ်စက္ကရမင်းတူး။ဒါကြောင့်မို့အဲဒီကျောင်းကိုပြန်တက်ပါတဲ့။ ခရစ်တော်ထံပြန်လာဖို့ ရဟန်းမင်းကြီးက ဖိတ်ခေါ်နေပါတယ်။

ရဟန်းမင်းကြီးက ကိုယ်တော်မြတ်နဲ့ ပတ်သက်ပြီး ဘာပြောထားသလဲဆိုတော့။ "ကိုယ်တော်မြတ်သည် ကယ်တင်ခြင်း၏ အထွဋ်အထိပ်ဖြစ်သည်"ယေဇူးသခင်သည် အချိုးဖွဲ့ခံရသော မုန့်ဖြစ်ခြင်းဖြင့် သူ၏ကရုဏာနှင့်မေတ္တာတော်ကို ကျွန်ုပ်တို့အပေါ်သို့ သွန်းလောင်းပေးတော်မူပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့၏စိတ်နလုံး၊ ဘဝအသက်တာ၊ ညီအစ်ကိုမောင်နှမများနှင့် ဆက်ဆံရေးသာမက ဘုရားသခင်နှင့် ဆက်ဆံရေးကိုလည်း ပြန်လည်ဆန်းသစ်ရန် ဖြစ်သည်။ အဲဒီတော့ ကယ်တင်ခြင်း လုပ်ဆောင်မှုရဲ့ အထွဋ်အထိပ်လို့ ဘာလို့ပြောတာလဲ။ ဘုရားရဲ့ ကယ်တင်ခြင်း ရည်ရွယ်ချက်က ဘာလဲ။ နောက်ဆုံး ဘုရားနဲ့ တစ်လုံးတစ်ဝတည်းပေါင်းစပ်ဖို့ဖြစ်တယ်။ ကျွန်တော်တို့က အချစ်တုံးကြီးဆီကနေ ပဲ့ထွက်လာတဲ့ အချစ်တုံးကလေးတွေ ဖြစ်တယ်။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူ၏။ အဲဒီအချစ်တုံးဆီကနေပဲ့ထွက်လာတဲ့အချစ်တုံးကလေးတွေဟာ မဟာသမုဒ္ဒရာချစ်ခြင်းမေတ္တာကြီးကနေပြီးတော့မှကွဲထွက်လာတဲ့ ရေစက်ကလေးတွေဖြစ်တယ်။ တစ်နေ့အဲဒီရေစက်ကလေးတွေ မိုးပေါ်ကနေကျပြီးတော့မြစ်ချောင်းထဲရောက်ပြီး ချစ်ခြင်းမေတ္တာသမုဒ္ဒရာထဲမှာ ပြန်လည်ပေါင်းစပ်ပြီးတစ်လုံးတစ်ဝတည်း ဖြစ်သွားမှာ။ အဲဒီအချစ်တုံးကြီးနဲ့ အချစ်တုံးလေးပြန်ပြီးပေါင်းစပ်သွားမှာ။ အဲဒီပေါင်းစပ်ဖို့ဆိုတာ ဘုရားသခင်ရဲ့နောက်ဆုံးကယ်တင်ခြင်း စီမံကိန်းဘဲ။ အဲဒီစီမံကိန်းကို ကိုယ်တော်မြတ်စက္ကရမင်းတူးမှာ သူကပြန်ဆုံအောင်ပြုလုပ်ထားတာ။ အဲဒီကိုယ်တော်မြတ်ကို ပင့်ယူခြင်းဖြင့် ဘုရားသခင်နဲ့တစ်လုံးတစ်ဝတည်းပေါင်းစပ်ခြင်းကို မသေခင်ကတည်းက အဲဒီအခွင့်အရေးကိုရရှိတယ်။ မုန့်ကိုချိုးဖွဲ့လိုက်တဲ့အဓိပ္ပါယ်ဟာ သခင်ခရစ်တော်ရဲ့ ဒုက္ခခံခြင်း အသေခံခြင်းဘဲ။ အဲဒီအသွေးနှင့် အသားနှင့်ခွဲပြီးထားတာဟာ သေခြင်းကိုပုံဆောင်တာ။ အသွေးတော်နှင့် အသားတော်ကို တစ်နေရာစီခွဲထားတယ်။ ကျွန်ုပ်တို့ခန္ဓာကိုယ်ထဲက သွေးတွေကိုအကုန်လုံးထုတ်ပြီးတစ်နေရာမှာ သွားထားရင်ဘာဖြစ်မလဲ သေပြီးဘာမှမလုပ်နိုင်တော့ဘူး။ အဲဒီလိုမျိုးခရစ်တော်ရဲ့ သေခြင်းကိုပုံဆောင်နေတာ။နောက်ပြီးတော့ချိုးဖွဲ့ပြီး ဝေမျှခြင်းအားဖြင့် သူ့ရဲ့မေတ္တာသူ့ရဲ့ဝေဒနာတွေကို သူက




နေပြီးတော့ စေတနာနှင့်ကြီးမားစွာ ပြန်ပြီးတော့ ကုသိုလ်တော်အကျိုးဆက် (ခရစ်တော်ရဲ့ဒုက္ခခံခြင်း၊ အသေခံခြင်း ကောင်းမှုကုသိုလ်အကျိုးဆက်)ကို ကျွန်ုပ်တို့ခံစား ပြီး ကျွန်ုပ်တို့ဟာ အသွေးတော်အားဖြင့် ရွေးနှုတ်ကယ်တင်ခြင်းခံရတယ်။ အသွေးတော် အားဖြင့် ဝယ်ယူတယ် ဆိုတာအဲဒါကိုပြောတယ်။

ကိုယ်တော်မြတ် စက္ကရမင်းတူးမှာ ဒုက္ခခံခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်မြတ်ကို ပင့်ယူတဲ့ ကျွန်ုပ်တို့ကိုလည်း အသက်သစ်ကို ရရှိစေတယ်။ အဲလိုရရှိတဲ့အတွက် ဘုရားနဲ့လူတွေရဲ့ကြားမှာတံတိုင်းမဟုတ်တော့ဘဲနှင့်တံတားပြန်ပြီးတည်ဆောက်တဲ့ အပေါင်းလက္ခဏာဖြစ်တယ်၊ ဘုရားနဲ့လူကြားထဲမှာ သခင်ခရစ်တော်ကလက်တော်ဆန့်တန်းပြီးလက်ဝါးကပ်တိုင်ပေါ်မှာနေတယ်၊အဲဒါအပေါင်းလက္ခဏာဘဲ။ ဘုရားနဲ့လူတွေကြားမှာ အိမ်တော်သားဖြစ်သွားပြီ၊ ကျွန်ုပ်တို့ အချင်းချင်းလည်း သူစိမ်းမဟုတ်တော့ဘူး။ အိမ်တော်သား ဘုရားရဲ့အမျိုးအနွယ်၊ အချင်းချင်းလည်း ညီအစ်ကိုမောင်နှမဖြစ်သွားပြီ။ အဲဒီလိုဖြစ်သွားဖို့ အတွက် ကိုယ်တော်မြတ်စက္ကရမင်းတူက ကျွန်ုပ်တို့ ဆက်ဆံရေးကို တစ်ဖန်အသစ်ပြုပြင်ပေးတယ်။ အသစ်သောခံယူချက်ကို ပြန်ပြီးတော့ပေးတယ်။ ဒီသနားခြင်းကရုဏာနှစ်မှာ ဘုရားသခင်ရဲ့ ကရုဏာတော်လို့ခေါ်တဲ့ သနားခြင်း၊ စာနာခြင်း၊ အဲဒါဟာ သမ္မာကျမ်းစာထဲက အဓိကစကားလုံးဖြစ်တယ်။ သနားကရုဏာသည် သမ္မာကျမ်းစာ၏အဓိကစာလုံးဖြစ်ပြီးကျွန်ုပ်တို့အပေါ်သို့ပြုတော်မူသည့် ဘုရားသခင်၏မေတ္တာ လုပ်ဆောင်ချက်ကိုဖေါ်ပြသည်။

# သနားကြင်နာခြင်းအပိုင်း(၃)ပိုင်း

(Sai Seng)




**၁။ မိမိကိုယ်တိုင်အတွက် သနားကြင်နာခြင်းတောင်းခံခြင်း**

လူတွေ နေ့စဉ်နှင့်အမျှ လိုချင်တောင့်တတဲ့အရာများထဲက တစ်ချို့ကို ပြောရမယ်ဆိုရင် " သူတစ်ပါးက မိမိကို ချစ်ဖို့ အရေးပေးဖို့ ဦးစားပေးဖို့ ကြင်နာဖို့ " ဖြစ်တယ်။နေ့စဉ်နဲ့အမျှ ပြုမိမှားမိတဲ့အမှားတွေ လူတိုင်းကိုယ်စီ ရှိကြပါတယ်။ ဒါပေမယ့်ဘုရားသခင်ရဲ့ သနားကြင်နာခြင်းက ကျွန်ုပ်တို့ လူသားတွေရဲ့အမှားထက်ပိုကြီးမားပါတယ်။ ဘုရားသခင်ကသနားကြင်နာခြင်းအရှင်ဖြစ်ပါတယ်။ ဘုရားသခင်ခွင့်မလွှတ်နိုင်တဲ့အပြစ်မရှိပါဘူး။"ထာဝရဘုရားသခင်သည်သနားကြင်နာတော်မူ၍ကျေးဇူးပြုတော်မူ၏။ကိုယ်တော်သည်စိတ်ရှည်သည်းခံ၍ မေတ္တာတရားနှင့်ပြည့်ဝသောအရှင် ဖြစ်တော်မူ၏။" (ဆာလံ ၁၀၃ း၈)" ငါသည်ကြင်နာတတ်သောဘုရားဖြစ်သည် "တရားဟောရာကျမ်း (၄း၃၁)လောကမှာ အကောင်း မရှိလောက်အောင် ဆိုးသွမ်းတဲ့လူ မရှိသလို ၊ အဆိုးမရှိလောက်အောင် ကောင်းမွန်တဲ့လူလည်း မရှိပါဘူး။ ဘယ်လိုအမှားမျိုးကျူးလွန်ခဲ့ပါစေ၊ နောင်တသံဝေဂရပြီး ဘုရားသခင်ထံပြန်လာပြီး အသနားခံခွင့်လွှတ်ခြင်း တောင်းခံမယ်ဆိုရင် ဘုရားကကြိုဆိုနေပါတယ်။ သမ္မာကျမ်းစာထဲက အမှားပြုလုပ်ခဲ့တဲ့ သူ(၃)ဦးရဲ့ဖြစ်စဉ်ကို ကြည့်မယ်ဆိုရင်

(၁) ဂျုဒအစ္စကာရီယုဒ် (မာတေးဦး ၂၇း ၃ -၅)သခင်ယေရှုးကို ငွေဒင်္ဂါး (၃၀) နဲ့ ရောင်းခဲ့ပြီးမှ အပြစ်ကင်းသူအပေါ် သစ္စာဖေါက်ခဲ့ပြီ၊ အပြစ်ကျူးလွန်မိခဲ့ပြီ သိရှိနောင်တရခဲ့ပေမယ့် ဘုရားရဲ့ကြင်နာသနားခြင်းကို မယုံခဲ့ဘူး၊ ဘုရားဆီပြန်လှည့်မလာခဲ့ဘူး။ ပြုမိခဲ့တဲ့အမှားအတွက် ယူကျုံးမရဖြစ်ပြီး မိမိကိုယ်ကို ဆွဲကြိုးချသေသွားခဲ့တယ်။

(၂) ပေတရု (မာတေးဦး ၂၆း၃၁-၃၅။ ၂၆း၆၉-၇၅)သခင်ယေရှုးကသူအဖမ်းခံရမည့်အကြောင်း အဲဒီချိန်ကျရင် အားလုံးသူ့ကိုစွန့်ခွာသွားမည့်အကြောင်း ပြောတဲ့အခါ ပေတရုက ဘယ်သူဘဲစွန့်စွန့်ကျွန်တော်က ကိုယ်တော့်ကိုမစွန့်ဘူး၊ အသက်ပေးရင်ပေးရပါစေလို့ပြန်ပြောတဲ့အခါ သခင်ယေရှုးက ဤနေ့ညကြက်မတွန်မီမင်းငါ့ကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်လိမ့်မယ်လို့ ပြောခဲ့တယ်။ သခင်ယေရှုးကြိုတင်ပြောခဲ့တဲ့အတိုင်း ပေတရု တကယ်ဘဲ သုံးကြိမ်တိုင်တိုင်ငြင်းပယ်ခဲ့တယ်။ သခင်ယေရှုး ပြောခဲ့တဲ့စကားကို ပြန်အမှတ်ရတဲ့အခါ ပြင်းထန်စွာငိုကြွေးခဲ့တယ်။ ဒါပေမယ့်ထွက်မသွားဘဲနောင်တသံဝေဂရပြီး ကိုယ်တော်ထံပြန်လာခဲ့တယ်။ သနားကြင်နာခွင့်လွှတ်ခြင်းကို ခံခဲ့ရပြီး ကောင်းကင်နိုင်ငံရဲ့ သော့ကိုတောင် အပ်နှင်းခြင်းခံရတယ်။

(၃) ဒါဝိဒ်မင်းကြီး ( ၂ ဓမ္မ အခန်းကြီး ၁၁။ ၁၂)ဒါဝိဒ်မင်းကြီးဟာ အဆင်းလှတဲ့ စစ်သူကြီး ဥရိယ ရဲ့ မယား ဗာသရှေဘကို သိမ်းပိုက်ခဲ့တယ်။ ပရောဖက်နာသန်ကအပြစ်တင်ဆုံးမတဲ့အခါ နောင်တသံဝေဂရပြီး ဘုရားကို တိုးလျှိုးတောင်းပန်တဲ့အတွက်ခွင့်လွှတ်ခြင်းခံခဲ့ရတယ်။ဒါကြောင့် ရှင်သန်နေတဲ့ဘဝမှာ ဘယ်လိုအမှားမျိုးကျူးလွန်ခဲ့ပါစေ သနားကြင်နာခြင်းအရှင် ဘုရားသခင်ထံ မျက်နာပြန်လှည့်ပြီး ခွင့်လွှတ်ခြင်းခံရဖို့တိုးလျှိုးတောင်းပန်ဖို့လိုတယ်။

**(၂)ဘုရားသခင်၏သနားကြင်နာခြင်းကိုလူတို့အားကြေငြာခြင်း**

ပထမဦးဆုံး မိသားစုအဆင့်က စတင်ရပါမယ်။ မိသားစုအတွင်း ဘုရားသခင်၏ သနားကြင်နာခြင်းအကြောင်း သိရှိဖို့လုပ်ဆောင်ရပါမယ်။ အဲဒီကတဆင့် ကျေးရွာရပ်ကွက်၊ တိုက်နယ်၊ သာသနာအဆင့်အထိ သနားကြင်နာခြင်းအကြောင်း သိရှိအောင်လုပ်ဆောင်ဖို့လိုတယ်။ဖိနှိပ်ခံသူများ၊ သက်ကြီးရွယ်အိုများ မနာမကျန်းသောသူများအား တတ်စွမ်းသမျှ လူအားဖြင့်ဖြစ်စေ၊ ငွေအားဖြင့်ဖြစ်စေ၊ နှုတ်၏ကူညီစောင်မခြင်းဖြင့်ဖြစ်စေဖေးမကူညီစောင်မခြင်းဖြင့် ဘုရားသခင်ရဲ့ သနားကြင်နာခြင်းကို ဖေါ်ထုတ်ပြသနိုင်ပါတယ်။ သာရေးနာရေး၊ လူမှုရေးလုပ်ငန်းမှာ ပါဝင် မေတ္တာပြလုပ်ဆောင်ခြင်းဖြင့် ဘုရားရဲ့ သားသမီးတစ်ယောက်အနေနဲ့ ဘုရားရဲ့ သနားကြင်နာခြင်းကို ပြသနိုင်မှာ ဖြစ်ပါတယ်။ အသင်းတော်ရဲ့ ပညတ်ဥပဒေများ ချိုးဖောက်မိပြီး စက္ကရမင်းများနှင့် ဝေးနေသူများဝိညာဉ်ရေးလစ်လျူရှုခံထားရသူများ (ဥပမာ၊ လက်ထပ်ထိမ်းမြားခြင်းမပြုရ သေးသူများ၊ အခြားအပြစ်ကျူးလွန်ထားသူ များ၊ သန္ဓေသားဖျက်ချသူများ) ကိုလည်း သွားရောက်အားပေးခြင်း၊ အသင်းတော်ထဲ တင်းပြည့်ကျပ်ပြည့် ပြန်လည်ပါဝင်လာနိုင်အောင်ကြိုးစားကူညီအကျိုးဆောင်ပေးခြင်းဖြင့် ဘုရားရဲ့သနားကြင်နာခြင်းကို ပြသနိုင်မှာဖြစ်ပါတယ်။

**(၃) ဒဏ်ရာများနှင့်နာကျင်နေသောကမ္ဘာကြီးကို ကြင်နာခြင်း**

ဘုရားသခင်က အမြဲခွင့်လွှတ် နိုင်တဲ့အရှင်ဖြစ်တယ်။ လူကတစ်ခါတစ်ရံ လောက်ဘဲခွင့်လွှတ်နိုင်တယ်။ သဘာဝတရားကြီးက ဘယ်တော့မှ ခွင့်မလွှတ်ဘူး။ ဘုရားရှင်က အရာရာကို အလှဆုံးဖန်ဆင်းခဲ့တယ်။ ကမ္ဘာဦးကျမ်း အခန်းကြီး (၁)လူသားတွေကသယံဇာတများကို စည်းမဲ့ကမ်းမဲ့တူးဖေါ်ခြင်း။ သဘာဝသစ်တောကိုစည်းကမ်းမဲ့ခုတ်ခြင်း။ သစ်ပင် နည်းလာလျှင် အောက်စီဂျင်လျော့နည်းသွားမယ်။ကာဘွန်ဒိုင်အောက်ဆိုဒ် များလာမယ်။ လူတစ်ယောက် အတွက်တစ်နေ့တာ အောက်စီဂျင်လုံလောက်ဖို့ သစ်ပင်(၈)ပင်လိုတယ်။

ဒါကြောင့် ပြုန်းတီးသွားတဲ့သစ်ပင်များ အတွက်ပြန်လည်စိုက်ဖို့လိုတယ်။ စိုက်ပျိုးရေး မှာဓါတုပစ္စည်းများ ပိုမိုသုံးစွဲလာခြင်းကြောင့် သဘာဝအလျှောက် ပုံမှန်ကြီးထွားခွင့်နည်းလာတယ်။ ဓါတုဆေးဝါးသုံးပြီး အသီးအနှံ တာရှည်ထားနိုင်အောင် အမြန်မှည့်အောင် ဆေးထိုးလာကြခြင်း ကြောင့် လူရဲ့ကျန်းမာ ရေးထိခိုက်လာတယ်။

သဘာဝ တိရစ္ဆာန်များ မျိုးတုံးသတ်ဖြတ်လာခြင်းကိုလည်း ကာကွယ်လုပ်ဆောင်သင့်နေပါပြီ။ စွန့်ပစ် ပစ္စည်းများ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းလာတယ်။ စည်းကမ်း တကျစွန့်ပစ်အောင်ပညာပေးမှုများကို လုပ်ဆောင်သင့်နေပါပြီ။

ကမ္ဘာလောက ကြီးစိမ်းလန်းစိုပြေအောင် လိုအပ်တဲ့ပြုပြင် ထိန်းသိမ်းမှုများ လုပ် ဆောင်ရန် လိုအပ်လာ ပါပြီ။ ဘုရားသခင်ဖန်ဆင်းပေးထားသော အလှတရားကိုထိမ်းသိမ်းစောင့်ရှောက်ကြပါစို့။

(ဖါသာရ်ဘောစကို၏ဝေမျှခြင်း)

# ဟေဗြဲလူမျိုးများအသွေးပဋိညာဉ်ပြုခြင်းအခမ်းအနား

(Sai Seng)



Fr Brian Banya Nwe S T L

**၁။ဝတ်ရုံလဲလှယ်ခြင်း။**

ဝတ်ရုံသည် လူပုဂ္ဂိုလ်ကိုပုံဆောင်သည်။ အချင်းချင်းဝတ် ရုံလဲလှယ်ဝတ် ဆင်ခြင်း ဖြစ်သည်။ အဓိပ္ပါယ် မှာသူ့ အရေးကိစ္စ လည်း ကိုယ့်အရေးကိစ္စဖြစ်သည်။ ခွဲခြားခြင်းမရှိဘဲ တစ်လုံးတစ်ဝတည်းဖြစ်သည်။

ဝတ်ရုံလဲ လှယ်ဝတ်ဆင်သည့်အခါ" အကျွန်ုပ်၏အသက် နှင့်ပိုင်ဆိုင်ရာပစ္စည်း များကို သင်အလိုရှိသလို အသုံးပြုနိုင် ပါတယ်" လို့ပြောဆိုကြရသည်။ ဧလိယက သူ၏ ဝတ်ရုံ အား ဧလိရှဲ အပေါ် တင်ခြင်း ၃ ဓမ္မ (၁၉း၁၉)။

**၂။ ခါးပတ်လဲလှယ်ခြင်း။**

ယခင်ခေတ် ဟောင်းခေတ်က ခါးပတ်ကို ရိုးရိုးပတ်ထား ခြင်းမဟုတ်ဘဲခါးပတ်တွင် မိမိကိုယ်ကိုကာကွယ်ရန် ဓါးရှည် ဓါးမြောင် နှင့် လက်နက်များ ချိတ်ပြီးပတ်သည့် အလေ့ အထရှိသည်။ ခါးပတ်အချင်းချင်း လဲလှယ် သည့် အဓိပ္ပါယ်မှာ အချင်းချင်း အစွမ်းရှိသမျှ အသက်ပေးကာ ကွယ်ကြမည့် သဘော ဖြစ်သည်။ ခါးပတ်လဲ လှယ်သည့်အခါ " အကျွန်ုပ်၌ရှိသောတန်ခိုး အာဏာနှင့် အစွမ်း သတ္တိရှိသမျှသင့်ကိုကာကွယ်စောင့် ရှောက် မည်" ဟု ပြောဆိုကတိ ကဝတ်ပြုကြသည်။

**၃။ တိရစ္ဆာန်တစ်ကောင်ကို ခေါင်း မှအမြီး အထိ ညီတူညီမျှထက်ခြမ်းခွဲပြီး မြေပေါ်မှာ ခွဲခြမ်းထားသောအပိုင်းနှစ်ပိုင်းကို နောက် ကျောခြင်းမျက်နှာမူစေကာပဋိညာဉ်ပြု မည့် သူနှစ်ဦးက ထိုအသားခြမ်းနှစ်ပိုင်း၏ အလယ်တွင် ကျောချင်းကပ်ရပ်လျက် ပဋိ ညာဉ်ပြုခြင်း။**

ပဋိညာဉ်ပြုသူနှစ်ဦးသည် ကျော ချင်းကပ်ရပ်နေသော အနေအထားမှ အသားခြမ်းကို သင်္ကေတ အင်္ဂလိပ် (8) ဂဏန်းပုံစံ ပတ်လျှောက်ပြီး အလယ်တွင် မျက်နှာချင်းဆိုင် ဆုံသည့်အခါ ပြောဆိုရ မည်မှာ" ငါတို့နှစ်ဦး အတူတူလျှောက် လှမ်းကြမယ်။ တစ်ဦးကိုတစ်ဦး သေသည့် တိုင် မခွဲမခွာ အတူတူလျှောက်လှမ်းမယ်။ ပဋိညာဉ်ကိုချိုးဖေါက်ပါက ခွဲခြမ်းထားသော တိရစ္ဆာန်လို နှစ်ပိုင်းအဖြတ်ခံရပြီး လင်းတ များစားခြင်းခံရပါစေ" ဆိုပြီးကျိန်ဆိုရသည်။ ဤပဋိညာဉ်ပြုခြင်း ပုံစံကို ကမ္ဘာဦးကျမ်း (၁၅း၈ - ၂၁) တွင်ဘုရားနှင့်အာဗြာဟံ ပဋိ ညာဉ်ပြုခြင်းမှာတွေ့ရသည်

**၄။ညာဖက်လက်ဖဝါးကိုခုတ်ရှပြီး လက်ချင်း ဆုပ်ကိုင်ကာ သွေးကိုရောယှက် စေခြင်း။**

အဓိပ္ပါယ်မှာသွေးများရောယှက် သွားသည့်အခါ တစ်သွေးတစ်သားတည်း တစ်လုံးတစ်ဝတည်း ဖြစ်သွားခြင်းကို ဖေါ် ညွှန်းသည် တစ်ဦးပေါ်တစ်ဦး သစ္စာရှိရန် ကျိန် ဆိုကြသည်။

**၅။ နာမည်ဖလှယ်ပေါင်းစပ်ခြင်း။**

နာမည်သည် လူကိုကိုယ်စား ပြုသည်။ စာမေးပွဲဘယ် လောက်ဘဲ ဖြေ နိုင်ပါစေ အောင် စာရင်းတွင် နာမည်မပါ လာပါက ကျဆုံး ခြင်းဖြစ်သည်။ ရှေးကာလ က ဘုရားကို " ဟံ " ဟုခေါ်သည်။ အာဗြံ သည် ဘုရားနှင့် ပဋိညာဉ်ပြုပြီး ဘုရား၏ အမည်"ဟံ" နှင့် နာမည်ပေါင်းစပ် ကာ " အာဗြဟံ " ဖြစ်လာ သည် ကမ္ဘာဦးကျမ်း (၁၇း ၂ - ၅)

**၆။ လက်ဖဝါးမှ ဒဏ်ရာကျက် သောအခါ ပဋိညာဉ်ပြုထားသည့် အထိမ်း အမှတ် အဖြစ် အမာရွတ်ကျန်အောင်ပြုလုပ် ခြင်း။**

အမာရွတ်ကျန်စေရန် ဒဏ်ရာကို ပြာ (သို့) ဆိုးဆေး ဖြင့်ပွတ်လိမ်းပြီး အမာ ရွတ် ကျန်အောင်လုပ်ကြသည် အမာ ရွတ် ကိုမြင် တိုင်းပြုထားသည့် ပဋိညာဉ်ကိုအမြဲ အမှတ် ရစေသည်။ မိမိတစ် ဦးတည်း ရပ် တည်နေ ခြင်းမဟုတ် သေသည့် တိုင် အောင်မိမိနှင့်အတူ ရပ်တည်ပေးမည့် မိတ် ဆွေရှိကြောင်းကြေငြာလိုက်ခြင်းဖြစ် သည်။

**၇။ လူအများရှေ့တွင် သစ္စာပြု ခြင်း။**

ပဋိညာဉ်ပြုသူနှစ်ဦးသည် လူအများ သက်သေရှေ့မှောက်တွင် " ယနေ့မှစ၍ အကျွန်ုပ် ပိုင်ဆိုင်သည့် အရာရှိသမျှသည် သင်ပိုင်ဆိုင်သောအရာများဖြစ်ပြီ " ဟုပြော ဆိုကာအပြန်အလှန်သစ္စာပြုကြသည်။

**၈။ (က) မုန့်ကိုနှစ်ခြမ်းခြမ်းပြီး အပြန်အလှန် ခွံ့ကျွေးခြင်း။**

မုန့်ကိုနှစ်ခြမ်းဖဲ့ပြီး အပြန်အလှန် ခွံ့ကျွေးကာ ဤမုန့်သည် အကျွန်ုပ်၏ ခန္ဓာ ကိုယ်ကို ပုံဆောင်သည်။ ယခုကျွန်ုပ်သည် သင်ဖြစ်သွားပြီ။ ကျွန်ုပ်ကို သင်ပိုင်သလို သင့်ကိုအကျွန်ုပ်ပိုင်ပြီဟု အပြန်အလှန် ပြောဆိုကြရသည် ဤပဋိညာဉ်ကို သခင် ယေရှုနှင့် တပည့်တော် ဆယ့်နှစ်ပါး ပြုသော ပဋိညာဉ်ပုံစံဖြစ်သည်။ သူတို့သည် ညစာစားကြစဉ်တွင် ယေရှု သည်ပေါင်မုန့် ကို ယူ၍ ကောင်းချီးပေးတော် မူပြီးလျှင်ဖဲ့၍ မိမိ၏ တပည့်တော်ကြီးတို့ အားပေးလျက်" ဤအရာသည် ငါ၏ခန္ဓာ ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့" (မာတေဦး ၂၆း၂၆)

(ခ) ပဋိညာဉ်ပြုသူနှစ်ဦးသည် စပျစ်ရည်ထဲ မိမိတို့၏သွေးကိုဖေါက်ထည့် ပြီး ရောမွှေကာအတူသောက်ကြခြင်း။ ဤ စပျစ်ရည်သည် အကျွန်ုပ်၏ အသက်သွေး ကိုပုံဆောင်သည်။ ယခုအကျွန်ုပ်သည်သင့် အထဲ၌ရှိပြီး သင်သည်လည်းအကျွန်ုပ်အထဲ ၌ရှိနေပြီ။ အခုကျွန်ုပ်တို့ နှစ်ဦးသည် ခန္ဓာ ကိုယ်တစ်ခုတည်းဖြစ်သွားကြပြီ။ညစာစားပွဲ တွင် သခင်ယေရှုနှင့် တပည့်တော်ကြီး များ စပျစ်ရည်အတူသောက်ပြီး ပဋိညာဉ် ပြုခြင်းပုံစံဖြစ်သည်။" ကိုယ်တော်သည်ခွက် တော်ကိုလည်းယူတော်မူ၍ ကျေးဇူးတော် ချီးမွမ်းပြီးနောက် တပည့်တော်တို့အားပေး လျက် မိန့်တော်မူသည်ကား သင်တို့အား လုံး ဤခွက်မှ သောက်ကြလော့ဤသည် ကားလူအားလုံးတို့အတွက် အပြစ်ဖြေလွှတ် ခြင်းငှါသွန်းလောင်းခံရမည့်ပဋိညာဉ်သစ်နှင့် ဆိုင်သောငါ၏အသွေးဖြစ်၏။" မာတေဦး (၂၆း ၂၇ - ၂၈)ကိုယ်တော်မြတ် စက္ကရမင်း တူသည်သခင်ယေရှုနှင့် တပည့်တော်ကြီး များပြုသောပဋိညာဉ်၏လက္ခဏာဖြစ်သည်။

၉။ အထိမ်းအမှတ်ပြုလုပ်ခြင်း ပဋိညာဉ်ကို အမြဲအောက်မေ့သတိရစေရန် ကျောက်ပုံ စိုက်ထူခြင်း။ သစ်ပင်စိုက်ခြင်း ပြုလုပ်ပြီး ကျောက်ပုံနှင့် သစ်ပင်တွင် သွေးဖေါက်ပြီး သုတ်လိမ်းကြသည်။ ကျောက်ပုံနှင့်သစ်ပင် ကိုမြင်တိုင်းပဋိညာဉ်ကို အမြဲအောက်မေ့ သတိရစေသည်။

(ဖါသာရ်ဗညား ၏ဝေမျှခြင်း)

# ဓမ္မဆရာ/ဆရာမများနှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့်မွမ်းမံသင်တန်း

ရန်ကုန်ဂိုဏ်းချုပ်သာသနာ

ရန်ကုန်ဂိုဏ်းချုပ်သာသနာရှိ ဓမ္မဆရာ/မများ၏ နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့်မွမ်းမံသင်တန်းကို (၂၀၁၆) ခုနှစ်၊ ဩဂုတ်လ (၂၂-၃၀)နေ့အထိ အင်းစိန်သာသနာ၊ စိန်ပီတာနှင့် စိန်ပေါလ်ဘုရားကျောင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

ထိုဝတ်စောင့်ခြင်းနှင့် မွမ်းမံသင်တန်းကို ဓမ္မဆရာ ကော်မရှင်တာဝန်ခံ ဘုန်းတော်ကြီး Hyginus မြင့်စိုးမှ ဦးဆောင်ကာ ဝတ်စောင့်ပေးရာတွင် ဘုန်းတော်ကြီး Mariano စိုးနိုင်(SDB) နှင့် ဘုန်းတော်ကြီး ဂျော့မောင်မောင် တို့မှ လည်းကောင်း၊ သင်တန်းပေးရာတွင် ဘုန်း တော်ကြီး ပီတာထွန်းထွန်း (စိန်မေရီကာ သီဒြယ်)၊ ဘုန်းတော်ကြီးဂျိမ်းတင်မောင်ထွေး (စိန်ဩဂုတ်စတင်းသာသနာ) တို့မှ "ဘုရားသခင်၏ သနားကြင်နာခြင်း၌ မွေ့ လျော်ခြင်း"ခေါင်းစဉ်ဖြင့်ဟောပြောဝေမျှသင်တန်းပို့ချပေးခဲ့ရာ သနားကြင်နာခြင်းဂျူဘီလီနှစ်ကို အထူးပြု၍ ကျွန်ုပ်နှင့်ကျွန်ုပ်၊ ကျွန်ုပ် နှင့်ဘုရားသခင်၊ကျွန်ုပ်နှင့်တစ်ပါးသူ၊ကြေအေးခြင်းအကြောင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အရေးကြီးကြောင်း စသည်တို့ကို ပို့ချပေး ခဲ့ပါသည်။ဩဂုတ်လ (၂၀) ရက်နေ့၊ ညနေ (၅း၀၀) နာရီတွင် ကျေးဇူးတင်မစ္ဆား နှင့်စေလွှတ်ခြင်း အခမ်းအနားကို မွန်ဆီ ညော်စောဖရန်းစစ်မှဦးဆောင်၍ ဓမ္မဆရာ ကော်မရှင် တာဝန်ခံ ဘုန်းတော်ကြီး Hyginus မြင့်စိုးနှင့်အတူ ဘုန်းတော်ကြီး(၄)ပါး၊ ဘရာသာရ်များ၊ စစ္စတာရ်များ၊ ဓမ္မဆရာ/မများ၊ ဘာသာတူများ ပါဝင်ခဲ့ကြပါသည်။ (၂၀၁၆)ခုနှစ်၊ နှစ်ပတ်လည်ဝတ်စောင့်ခြင်းနှင့် မွမ်းမံသင်တန်းတွင် ပါဝင်တက်ရောက်ခဲ့ကြသော ဓမ္မဆရာ/မ (၆၅)ဦး၊ အကူဓမ္မဆရာ/မ(၁၂)ဦး၊ ဒုတိယနှစ်သင်တန်းသူ /သား(၁၆)ဦး၊ စုစုပေါင်း (၉၃)ဦးတက်ရောက်ပါဝင်ခဲ့ကြပါသည်။



ဝတ်စောင့် သင်တန်းဖြစ်မြောက်ရေးအတွက်စီစဉ်ပေးသော ဂိုဏ်းချုပ်ဆရာတော်ကြီးကာဒီနယ်ချားလ်ဘို၊ ဆရာတော်ဂျွန်စောယောဟန်၊မွန်ဆီညော် စောဖရန်းစစ်နှင့်တာဝန်ခံဘုန်းတော်ကြီး Hyginus မြင့်စိုးတို့အားလည်းကောင်း၊အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော အလှူရှင်များ၊ စိန်ပီတာနှင့်စိန်ပေါလ်သာသနာရှိဘာသာတူများ၊ လုပ်အားပေးဖြင့် ဆက်ကပ်ခဲ့ကြသူများ၊ ဝတ်စောင့်ခြင်းနှင့် သင်တန်းပို့ချပေးခဲ့ ကြသော ရဟန်းတော်များ၊ ကူညီပေးခဲ့ကြသော သီလရှင်များ၊ ဘရာသာရ်များ၊ ဘာသာသူများ အားလုံးကိုကျေးဇူးတင် ရှိပါကြောင်းမှတ်တမ်းတင်ခြင်းကို သတင်း ရရှိပါသည်။ **(ဓမ္မဆရာကော်မရှင်)**

# ကျန်းမာရေးကော်မရှင်မှ ကုသိုလ်ဖြစ်ဆေးဝါးကုသမှုများပြုလုပ်ပေးခြင်း

မန္တလေးသာသနာ

Pinky ( Mdy- OSC)



မန္တလေး ကက်သလစ်ဂိုဏ်းချုပ်သာသနာမှ Fr.Dominic Thiha ဦးဆောင်သော ကျန်းမာရေး ကော်မရှင်အဖွဲ့သည် ၂၈.၈.၂၀၁၆ရက်နေ့က St. John ဘုရားကျောင်းတွင် ဆေးဝါးကုသမှုတစ်ခုကိုပြုလုပ်ပေးခဲ့ပါသည်။

ဆေးကုသမှုခံယူရန် ရောက်ရှိလာသူများကို Fr. Dominic Thiha မှ ကျန်းမာရေးနှင့်ပတ်သက်သော ဗဟုသုတများကိုလည်းကောင်း၊ Dr. Nay Myo Thu မှလည်း သွားကျန်းမာ ရေးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကိုလည်းကောင်း Dr.Novel မှ အထွေထွေ ကျန်းမာရေးဗဟုသုတများ၊ အထူးသဖြင့် ရေကြီးရေလျှံချိန်နှင့်မိုးတွင်းတွင် ဖြစ်ပေါ်တတ်သောရောဂါများအကြောင်းကို ကြိုတင်ကာကွယ်နိုင်ရန်နှင့် ရောဂါများဖြစ်ပေါ်လာလျှင်လည်း တတ်ကျွမ်းသော ကျန်းမာရေးဝန်ထမ်းများနှင့် အချိန်မီကုသနိုင်ဖို့ရန်အတွက်ရှင်းလင်းပြောကြားသွားခဲ့ကြောင်းကို ကျန်းမာရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်ဂျူလီယာကြူကြူခင်မှ ပြောပြခဲ့သည်။

စိန်ဂျွန်းသာသနာမှ လူနာပေါင်း (၅၀)ကျော်မှ ဆေးဝါးကုသမှုကို လာရောက် ခံယူကြရာ အထူးသဖြင့်သွားနှင့်ပတ်သက်သော လူနာများအား ကုသမှုပြုလုပ်ပေးခဲ့ရသည်ဟုလည်း သိရှိရပါသည်။ မိုးရာသီဖြစ်သည့်အတွက် နယ်မြို့များသို့ မသွားရောက်ပဲ မန္တလေးမြို့ပေါ်ရှိ ဘုရားကျောင်းများ၌သာ လှည့်လည်ကာ ဆေးဝါးကုသမှုကိုပြုလုပ်ပေးနေသည်ဟု ကျန်းမာရေးကော်မရှင်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဒေါ်ဂျူလီယာကြူကြူခင်ကပြောပြခဲ့သည်။





# မန္တလေးမြို့ စိန်ဖေးဗီးယားဖေလန်ကန်နီကျန်းမာခြင်း မယ်တော်သခင်မပွဲကျင်းပခြင်း အခမ်းအနား

နှစ်စဉ်ကျင်းပမြဲဖြစ်သော မန္တလေးမြို့ စိန်ဖေးဗီးယား ဖေလန်ကန်နီကျန်းမာခြင်း မယ်တော်သင်မပွဲတော်ကို ဩဂုတ်လ(၂၉) ရက်နေ့ကမစ္ဆားတရားနှင့်အတူ မယ်တော်အလံတင်ခြင်း အခမ်းအနား၊ မယ်တော်ဆင်းတုတော်ကို ဆရာတော်ကြီးမှကောင်းချီးပေးခြင်း ပြုလုပ်ခဲ့ပါသည်။ မစ္ဆားတရားအ ပြီးတွင် ရပ်ကွက်အတွင်း စီတန်းလှည့်လည်ကာ ကိုယ်တော်မြတ် ကောင်းချီးဖြင့်ဆုတောင်းခြင်းကို ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် ဩဂုတ်လ ( ၃၀ မှ စက်တင်ဘာ ၇ ရက်နေ့ထိ ) ဖေလန်ကန်နီကျန်းမာခြင်းမယ်တော်သခင်မ မစ္ဆားတရားနှင့်အတူနိုဗီနားကိုတစ်နေ့ သုံးကြိမ်ပြုလုပ်ပေးခဲ့ပါသည်။စက်တင်ဘာလ(၈)ရက်နေ့နံနက်ပိုင်းတွင် နာမကျန်းသူများအတွက် အထူးကျန်းမာခြင်း မစ္ဆားတရားတော်မြတ်ကိုပြုလုပ်ပေးခဲ့ပါသည်။

ရပ်ဝေးရပ်နီးမှနာမကျန်း ဖြစ်နေသောလူမမာများ မစ္ဆားတရားတော်မြတ်၌ပါဝင်နိုင်ရန် အတွက် အိမ်တိုင်ရာရောက်ကားများဖြင့် သွားရောက်ကြိုဆိုမှုကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။

ညနေပိုင်းတွင်ဖေလန်ကန်နီ ကျန်းမာခြင်းမယ်တော်သခင်မ ပွဲတော်မစ္ဆားတရားတော်မြတ်ကို ကျင်းပပူဇော်ခဲ့ကြပါသည်။ ညနေပိုင်းတွင် ဖေလန်ကန်နီကျန်းမာခြင်းမယ်တော်သခင်ပွဲတော် မစ္ဆားတရားတော်မြတ်ကိုကျင်းပပူဇော်ခဲ့ကြပါသည်။

၈၊၉၊၂၀၁၆ရက်နေ့ မယ်တော်သခင်မမွေးနေ့ မစ္ဆားတရားသို့ မန္တလေးသာသနာ အတွင်းမှ ဘုန်းတော်ကြီးများ သီလရှင်များ၊ကိုရင်များနှင့် ရပ်နီးရပ်ဝေး မှ မယ်တော်ကို သဒ္ဓါကြည်ညိုသူ (၃၀၀၀) ကျော်ပါဝင်တက်ရောက်ခဲ့ကြပါသည်။

မစ္ဆားတရားတွင် မန္တလေးကက်သလစ်ဂိုဏ်းချုပ် သာသနာမှ ဆရာတော်ကြီး နီကောလားစ်မန်ထန်းမှ ဩဝါဒတရားရေအေးတိုက်ကျွေးရာတွင် မယ်တော်ရဲ့မွေးနေ့ပွဲကိုကျင်းပသလို ကျန်းမာခြင်းပွဲကို တစ်ဆက်တည်းကျင်းပနေကြပါတယ်။ Pope Francis ရေးသားထားတဲ့ မိသားစုအကြောင်းမှာ မယ်တော်ရဲ့ဘဝမှာဘုရားသခင်ကဘယ်လိုပါဝင်လဲဆိုတဲ့ ခေါ်တော်မူခြင်းအကြောင်း၊ ခရစ်ယာန်တွေရဲ့ သမ္မာကျမ်းစာမှာ ဇာတ်ကောင်အဖြစ် ပါဝင်ကြောင်း၊ ခေါ်တော်မူခြင်းမှာ အဖေရယ်၊ အမေရယ်၊ သားသမီးရယ်လို့ သတ်မှတ်ပြီးမှ ဘဝကိုယ်စီအခြေခံဖြစ်တဲ့ မိသားစုရဲ့ ခေါ်တော်မူခြင်းကို တိတိကျကျရေးသားထားတယ်။ မိသားစုအားလုံးက ခရစ်တော်ရဲ့ နောက်လိုက်၊ခရစ်တော် အဖြစ်ပြောင်းလည်းလာနိုင်ဖို့က မယ်တော်ရဲ့ မွေးနေ့နှင့် ပတ်သက်တယ်။ ဘုန်းကြီး၊သီလရှင်၊တွေလည်း မယ်တော်ရဲ့ မွေးနေ့နှင့် သက်ဆိုင်တယ်။ ခရစ်တော်ရဲ့ ဘဝကို ရယူနိုင်ဖို့ကမယ်တော်နဲ့ သက်ဆိုင်တယ်။ ဘဝကိုယ်စီ လျှောက်လှမ်းရမယ့် ဘယ်ဘဝပဲဖြစ်ဖြစ် အားလုံးကသူ့ရည်ရွယ်ချက်နဲ့သူအမြဲရှိတယ်။ လောကမှာကျန်းမာရေး၊ စီးပွားရေး၊ စားဝတ်နေရေး၊ ကိုယ်စီရဲ့ စိတ်ချမ်းသာရေး တစ်ခုတည်းနှင့်လည်းမပြည့်စုံပါဘူး။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဆိုတဲ့အရာ၊ ပုဂ္ဂိုလ်သုံးပါး ဘုရားတစ်ဆူအသက်ရှင်ခြင်း ဘုရားဖြစ်တယ်ဆိုတဲ့အကြောင်းက မေတ္တာတရားပဲဖြစ်တယ်။ မိသားစုဆိုတဲ့နေရာမှာ ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူက အခြေခံဖြစ်တယ်။ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ ဝိညာဉ်တော်ဘုရားဟာမိသားစုကြီးဖြစ်ပြီး၊ လောကမှာရှိတဲ့မိသားစုတွေဟာ မိသားစုကလေးတွေဖြစ်လာတယ်။ ခမည်းတော်ဘုရားရဲ့ စကားကို သားတော်ဘုရားက နားထောင်တာချစ်ခြင်းမေတ္တာ ဖြစ်တယ်။ အဖေ၊ အမေ၊ မိသားစုက စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖို့လိုတယ်။ အဲဒါက ကျန်းမာရေးမယ်တော်အဆင့်နဲ့အဲဒီကိုသွားရမှာဖြစ်တယ်။ အမေကအမေရဲ့ကဏ္ဍ၊ အဖေကအဖေ့ရဲ့ကဏ္ဍ၊ သားသမီးက သားသမီးရဲ့ကဏ္ဍ ကိုလုပ်ရမယ်။ မေတ္တာတရားကို အခြေခံတဲ့မိသားစု၊ သန့်ရှင်းသော အိမ်ထောင်စုက မိသားစုတိုင်းကို မီးမောင်းထိုးပေးတဲ့ ဖန်တီးတဲ့မိသားစုဖြစ်တယ်။ အဲဒါကပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူရဲ့ပုံရိပ်ဖြစ်တယ်။ မိသားစုတိုင်းမှာ ခရစ်တော်ဘဝ ပြည့်ဝမှုမရှိရင် ဘယ်တော့မှ ကျန်းမာမှာမဟုတ်ဘူး။ သမ္မာကျမ်းစာမှာ ခရစ်တော်ရဲ့ ကျန်းမာရေးကုသမှုတွေကိုတွေ့ရတယ်။ ခရစ်တော်ရဲ့ကုသမှုနောက်မှာ သူအမြဲပြောတဲ့စကားကနောက်ထပ် အပြစ်မလုပ်ဖို့ပဲဖြစ်တယ်။ အဆုံးမှာ ခရစ်တော်အတိုင်း ကျွန်ုပ်တို့ မလုပ်လျှင် ကယ်တင်ခြင်း ရမှာမဟုတ်ပါဘူး။ ဘုရားသခင်ငါတို့နှင့်ရှိတယ်လို့ ပြောနိုင်တဲ့မိသားစုဖြစ်ရမယ်။ ခရစ်တော်နှင့်တူတဲ့သားသမီးတွေကိုပေးဖို့၊ ခရစ်တော်လေးတွေအများကြီးမွေးပေးဖို့ရည်ရွယ်ချက်နှင့် အိမ်ထောင်ပြုရတယ်။ ခရစ်တော်ကိုချစ်တဲ့ မိသားစုဖြစ်ဖို့လိုတယ်။ ခရစ်တော်ရဲ့ ကိုယ်ခန္ဓာကျန်းမာဖို့လိုတယ်။ သာသနာကျန်းမာဖို့၊ လောကကြီးကျန်းမာဖို့၊ မွေးဖွားလာတဲ့မယ်တော်ဖြစ်တယ်။ အားလုံးက တစ်ခုတည်းသော သာသနာတော်ကြီး ကျန်းမာဖို့အတွက် ၊ ဘုန်းတော်ကြီးတွေ၊ သီလရှင်တွေ၊ ဘာသာတူတွေ ကျန်းမာဖို့လိုတယ်။ သန့်သန့်ရှင်းရှင်းနှင့် ဝိညာဉ်ရေး သန့်ရှင်းတဲ့မိသားစုကျန်းမာဖို့အရေးကြီးတယ်။

အမိပွာယ်နှင့် မွေးဖွားလာတာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်ုပ်တို့ မယ်တော်ရဲ့မွေးနေ့ပွဲကို ကျင်းပရင်း မယ်တော်အတွက်ဘာလက်ဆောင်ပေးကြမှာလည်း။ မယ်တော်ဆီက ဘာတောင်းကြမှာလည်း။ မယ်တော်အမြဲပြောတဲ့ Listen to Him ဆိုတဲ့စကားကို နားထောင်ကြပါဟု ဩဝါဒ တရားရေအေးကို တိုက်ကျွေးခဲ့ပါသည်။ မစ္ဆားတရားအပြီးတွင် ဆင်းတုတော်များ ကိုယ်တော်မြတ် ကောင်းချီးဖြင့် ရပ်ကွက်အတွင်း စီတန်းလှည့်လည်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ စီတန်းလှည့်လည်ခြင်း အပြီးတွင် အလံချခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။ ဘုရားကျောင်း အဝင်ပေါက်ဝမှ ဘုရားကျောင်းအတွင်းရှိ ဘုရားစင်ရှေ့ ရောက်သည့်တိုင်မယ်တော်အား ဒူးထောက်ကာ ပန်းဆက်သနေသူတစ်ဦးမှလည်း ဘုရားကျောင်းအတွင်းသို့ ဒူထောက်သွားရင်း ယုံကြည်ခြင်းဖြင့်ဆုတောင်းပါက ခန္ဓာကိုယ်တွင်ရှိသော ရောဂါများ ပျောက်ကင်းသက်သာသည်ဟုကျန်းမာခြင်းမယ်တော်ကို သဒ္ဓါကြည်ညို သူတစ်ဦးမှ ပြောပြပေးခဲ့ပါသည်။**Pinky (Mdy–OSC)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းယဉ်ကြောပိတ်ဆို့မှုများဖြေရှင်းရန် စက်တင်ဘာ (၁) ရက်နေ့မှစတင်ကာ စည်းကမ်းမဲ့ယာဉ်များအား အရေးယူ

ရန်ကုန်တိုင်းဒေသကြီးတွင်ယာဉ်ကြောပိတ်ဆို့မှုများကိုဖြေရှင်းရန် စက်တင်ဘာ (၁) ရက်နေ့မှစပြီး စည်းကမ်းမဲ့ယာဉ်များကို စီမံချက်နှင့် အရေးယူသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့က သိရ ပါသည်။

ထို့အပြင်လမ်းကြောပြောင်းပြန်မောင်းခြင်း အရှိန်နှင့်ဝင်တိုးခြင်း၊ ပြိုင်မောင်းခြင်းများ၊ မကွေ့ရသည့်နေရာများတွင် ကွေ့ရန်ကြိုးစားသည့် စည်းကမ်းပျက်ခြင်းများကိုလည်း ရှင်းသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့မှ အတွင်းရေးမှူး ဒေါက်တာ မောင်အောင်က ပြောပါသည်။

စီမံချက်ပြီးအရေးယူခြင်းကို စက်တင်ဘာကစပြီး အများပိုင်ဘက်စ်ကားလိုင်းများ ထွက်ပေါ်လာမည့်အချိန်ထိ ဆောင်ရွက်သွားမည်ဟုသိရပါသည်။

စည်းကမ်းဖောက်ဖျက်သည့်ယာဉ်များကို ဖမ်းဆီးသည့်အခါတွင် အနိမ့်ဆုံးဒဏ်ကြေးငွေကျပ်(၅)သောင်းချမှတ်သွားမည်ဟုသိရပါသည်။ အများပြည်သူများအနေနှင့် မော်တော်ယဉ်များစည်းကမ်းဖောက်ဖျက်မှုများကို viber က တစ်ဆင့် တိုင်ကြားနိုင်သည်ဟုလည်းသိရပါသည်။

## မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဥရောပခြေစမ်းခရီးစဉ်အတွင်း အင်တာမီလန်လူငယ်အသင်းများနှင့် ကစားနိုင်ရန်စီစဉ်နေ

၂၀၁၇ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲအတွက် အကြိုလေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် အင်တာမီလန်လူငယ်အသင်းနှင့်ကစားနိုင်ရန်စီစဉ်နေသည်ဟုသိရပါသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၏ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုသိန်းကလည်း ညှိနှိုင်းမှုမှာ အဆင်ပြေနေပြီး လာမည့်ရက်ပိုင်းတွင်အပြီးသတ်နိုင်လိမ့်မည်ဟု ပြောပါသည်။ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည်စက်တင်ဘာ ၁၃ ရက်ကနေ အောက်တိုဘာ ၁၃ ရက်အထိ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်နဲ့ ဆိုက်ပရပ်စ်နိုင်ငံတို့မှာ ခြေစမ်းပွဲ ကစားသွားမည်ဟုလည်း သိရပါသည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် မူလအစီအစဉ်အရ အောက်တိုဘာ (၁၃) ရက်နေ့တွင် မြန်မာနိုင်ငံကို ပြန်ရောက်မည်ဖြစ်သော်လည်းအင်တာမီလန်အသင်းနှင့် ကစားဖြစ်ခဲ့လျှင် အောက်တိုဘာ (၂၀) မှသာ ပြန်ရောက်ရှိမည်ဟုသိရပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဥရောပခြေစမ်းခရီးစဉ်အတွက် ငွေကျပ်သိန်း (၄၅၀၀)ကိုသုံးစွဲဖို့ စီစဉ်နေပြီး အင်တာမီလန်အသင်းနဲ့သာ ခြေစမ်းဖြစ်ရင်တော့ ငွေကျပ်သိန်း(၅၅၀၀)လောက်ကုန်ကျမည်ဟုသိရပါသည်။

## မြို့နယ်အဆင့် ရဲအုပ်ချုပ်ရေးပိုင်းကို LGBT နှင့်ပတ်သက်၍ အသိပညာပေးမှုများပြုလုပ်မည်

မြန်မာနိုင်ငံတွင် မြို့နယ်အဆင့်အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူများနှင့် ရဲအရာရှိများကို လိင်ခွဲခြားဆက်ဆံ ခံရခြင်းများနှင့် ပတ်သက်ပြီး LGBT အသိပညာပေးမှုပြုလုပ်သွားမည်ဟုColors Rainbow အဖွဲ့က သိရပါသည်။ LGBT ဆိုသည်မှာအမျိုးသမီးအချင်းချင်းချစ်ခင်စုံမက်သူ၊ အမျိုးသားအချင်းချင်းချစ်ခင်စုံမက်သူ၊ အမျိုးသား၊ အမျိုးသမီး နှစ်မျိုး စလုံးချစ်ခင်စုံမက်သူ၊ ဆန့်ကျင်ဘက်လိင်လိုမျိုး ဝတ်စားဆင်ယင်ပြီး လိင်ခွဲစိတ်ထားသည့်သူများပင်ဖြစ်ပါသည်။ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်တို့က LGBT(၆၈)ယောက် အပေါ် သူတို့ရဲ့လိုအပ်ချက်တွေကိုမေးမြန်းပြီးတဲ့နောက် မြို့နယ်အဆင့်ထိ ရဲအုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေကို LGBTနှင့် ပတ်သက်တဲ့ အသိပညာပေးဖို့လုပ်ဆောင်ခြင်းဖြစ်သည်ဟု သိရပါသည်။ သိပညာပေးမှုများကို ၂၀၁၆-၂၀၁၇ မှာပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံ၍ထုတ်ပြန်သွားမည်ဟုColors Rainbow မှသိရပါသည်။**(မြစ်မခ)**

# ကက်သလစ်ဓမ္မတေးသီချင်းခွေများထုတ်လုပ်ရန်ပြင်ဆင်နေပြီ

နေ့စဉ်မစ္ဆားတရားပူဇော်ရာတွင်အသုံးပြုသီဆိုနေသော ဓမ္မသီချင်းများကို ခေတ်ပေါ်တူရိယာများအသုံးပြု၍ အသံစုံဖြင့် ညီညာစွာဖော်ကြူးထားသောဓမ္မသီချင်းအခွေကို ကာရာအိုကေဖြင့်သီဆိုနိုင်ရန်ဖန်တီးထားပါသည်။ ထိုသို့ဖန်တီးထားရခြင်းမှာ မည့်သည့် ဝတ်ပြုခြင်းအခမ်းအနားများတွင်မဆို နှီးနှီးကြားကြားဖြင့် လွယ်ကူစွာအသုံးပြုနိုင်ရန် ရည်ရွယ်ချက် ဖြင့်ဖြစ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ပထမဦးဆုံးဓမ္မတေးသီချင်းဆိုပြိုင်ပွဲမှ ဆန်ကာတင် လက်ရွေးစင်ကိုးဦးတို့၏သီးချင်းအသစ်များကိုလည်း DVDတေးစီးရီးအဖြစ် ထုတ်လုပ်နေပါသည်။ ထို့အပြင် ခရစ္စမတ်တေးသီချင်းများကိုလည်း မြန်မာနိုင်ငံ ကက်သလစ်အနုပညာရှင်များအဖွဲ့အစည်း(CCAA)မှ တေးသံရှင်များ မှ သီဆိုပုံဖော်ကာ ထုတ်လုပ်မည်ဖြစ်ပါသည်။



ထိုခွေများကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်တွင် ဖွင့်လှစ်ထားသော "STUDIO TRINITA" တွင် အသံသွင်းနေပြီဖြစ်ရာ မကြာမီ အချိန်တွင် ၎င်းဓမ္မတေးသီချင်းခွေကို မြန်မာနိုင်ငံလုံးဆိုင်ရာ ပြန်ကြားရေးနှင့်လူထုဆက်သွယ်ရေးရုံး (CBCM-OSC) ရုံးမှဖြန့်ချီပေးမည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ် ပါသည်။

## CBCM-Herald အလှူရှင်များ

| | | |
|---|---|---|
| ၁ | ဦးဩဂုတ်စတင်းမိသားစု (ရန်ကုန်) | ၅ ၀၀၀ |
| ၂ | ဦးဂျွန်မိသားစု (ပြင်ဦးလွင်) | ၁၀ ၀၀၀ |
| ၃ | ဒေါ်စန်းကြည် (လားရှိုး) | ၂ ၀၀၀ |
| ၄ | ဒေါ် မယော်နန် (လားရှိုး) | ၃ ၅၀၀ |
| ၅ | ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ) လွိုင်ကော်မှ ဘုရားသခင်အားကျေးဇူးတင်ခြင်းအတွက်စက်တင်ဘာလတစ်လစာ | ၃ ၀၀၀ |
| ၆ | ပါစကားမန်စွမ်းလျံ၏ အသက်(၃၀)နှစ်ပြည့်မွေးနေ့အတွက် ကျေးဇူးတင်ရှိလျှက် သူ၏ခံစားရသော၊ စိတ်ဖိစီးခြင်း၊ စိတ်ဝေဒနာများ၊ ရှိလျက်နှင့် မသိသောရောဂါများ၊ ရှိရန်တာစူနေသော ရောဂါများအတွက် ဆုတောင်းပေးကြရန်နှင့်နှစ်(၁၀၀) ကျော်တိုင်အောင် အဖဘုရားသခင်အား ယုံကြည်ကိုးစားလျက် ကောင်းချီးမင်္ဂလာများခံစား ရရန်။ | ၅၀ ၀၀၀ |

## သမ္မာကျမ်းစာပြိုင်ပွဲနှင့် သမ္မာကျမ်းစာကော်မရှင်၏(၁၀)နှစ်မြောက်အထိမ်းအမှတ်ပွဲတော်ညောင်လေးပင်တွင်ကျင်းပမည်

ဖေဖော်ဝါရီလ၊ ၂၀၁၇ခုနှစ် ညောင်လေးပင်မယ်တော်ပွဲတွင် ဒုတိယအကြိမ်မြန်မာနိုင်ငံလုံးဆိုင်ရာ သမ္မာကျမ်းစာပြိုင်ပွဲနှင့် (၁၀)နှစ်မြောက် သမ္မာကျမ်းစာပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန်ရှိပါသည်။

ပြိုင်ပွဲဝင်ရန်အတွက် သာသနာတစ်ခုလျှင် (၁၀)ဦးပါဝင်ခွင့်ပြုမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့်သာသနာအနေနှင့် ပြိုင်ပွဲဝင်(၁၀)ဦးနှင့် အုပ်ချုပ်သူ(၁)ဦး အမည်စာရင်းကို လှုံ့ဆော်ပြန်ကြားရေးတာဝန်ခံ ဖေဘီယံ-ဦးမြင့်မောင် အမှတ်၂၈၉/သိမ်ဖြူလမ်း၊ ဖုန်းနံပါတ်(၀၉-၄၃၀-၂၃၉၁၂) ထံ(၂၀၊၁၊၂၀၁၇)နေ့ မတိုင်မီအရောက်ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အသေးစိတ်အချက်အလက်များကို လာမည့်အပတ်တွင် အပြည့်အစုံဖော်ပြသွား မည်ဖြစ်ပါသည်။

**(ပြိုင်ပွဲကျင်းပရေးကော်မတီ)**

## ဖာသာရ် ဂျိုဝါးနီဒီးဒီ R.I.P (လွိုင်ကော်သာသနာ)

လွိုင်ကော် ကက်သလစ်သာသနာ တော်မှ ဘုန်းတော်ကြီး ဂျိုဝါးနီ ဒီးဒီသည် ဩဂုတ်လ(၃၀)ရက် ည ၁၀း၄၅ အချိန်၊ လွိုင်ကော်ကရုဏာဆေးခန်းတွင် ဆေးကု သမှုခံယူရင်း ပျံလွန်သွားခဲ့ပါသည်။ Rev. Giovanni Dee Di သည် နိုဝင်ဘာလ (၂၇)ရက်၊ ၁၉၆၈ ခုနှစ်၊ ဆိုယာခူးကျေးရွာတွင် မွေးဖွားတွင် အဖဦးလချေး၊ အမိဒေါ် ကျော်မာတို့မှ မွေဖွားသန့်စင်ခဲ့ပြီး ဒီကင်သိက္ခာကို ဆရာတော်ကြီး ဂါဗြီအဲလ်တိုပေား(ပျံလွန်)၏ လက်တော်မှ နိုဝင်ဘာ လ(၂)ရက်နေ့ ၁၉၉၅ခုနှစ်၊ ရန်ကုန်စိန် မေရီကယ်သီဒြယ်တွင် လက်ခံရယူခဲ့ပြီး ရဟန်းသိက္ခာတော်မြတ်ကိုမူ လွိုင်ကော် ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိုဖားမော လက်တော်မှ ဧပြီလ(၂၃)ရက်၊ ၁၉၉၆ ခုနှစ်တွင် လွိုင်ကော်ကက်သလစ် သာသနာ၊ ဆိုလျှားကူးတိုက်နယ်တွင်လက် ခံရယူခဲ့သည်။ ရဟန်းသက်တမ်း တစ်လျှောက် တွင် သီတင်းသုံးခဲ့သော နေရာများမှာ ၁၉၉၆- ၁၉၉၈ (ဖရူဆိုတိုက်နယ် လက်ထောက်ဘုန်းတော်ကြီး) အဖြစ်နှင့်၎င်း၊ ၁၉၉၈- ၂၀၀၄ (ဟိုရာတိုက်နယ် လက်ထောက်ဘုန်းတော်ကြီး)၊ (၂၀၀၄-၂၀၀၉)တွင် စိန်ဂျွန်ပတ္တိစတား ရဟန်းဖြစ်သင်ကျောင်း)၊ (၂၀၀၉-၂၀၁၅)တွင် ဖရူဆိုတိုက်နယ်၌လည်းကောင်း တိုက်နယ်အသီးသီးတို့တွင် ဘုရားအမှု တော်ထမ်းဆောင်ခဲ့ပြီး (၂၀၁၅ ခုနှစ်) ကျန်းမာရေးအခြေ အနေအရ ဆေးဝါးကုသမှုကို ခံယူစဉ် ၂၀၁၆ခုနှစ် ဩဂုတ်လ (၃၀)ရက်နေ့ အင်္ဂါနေ့ည ၁၀း၄၅ အချိန်တွင် ဘုရားသခင်၏ ပြန်လည်ခေါ် ဆောင်ခြင်းကို ခံရကာ အဖဘုရားသခင်၏ အိမ်တော်သို့ ပြန်သွား ခဲ့ပါသည်။

ဘုန်းတော်ကြီး၏အသက်ဝိညာဉ်သည် အသနားတော်မြတ်ခံရ၍ ငြိမ်းချမ်းသာယာစွာ ကောင်းကင်သုခကိုခံစားရပါမည့် အကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါ သည်။

(cbcm-osc)









မြန်မာနိုင်ငံလုံးဆိုင်ရာသမာကျမ်းစာတော်မြွတ်အလုပ်ရုံဆွေးနွေးပွဲ...စာ(၁၇)



ဝမ္မဆရာ၊ ဆရာမများ နှစ် ပတ်လည်ဝတ် စောင့် ခြင်း နှင့် မွမ်းမံသင်တန်း ... စာ(၁၇)



မုပ်ရဟန်းမင်းကြီးရုံးတော်ဆိုင်ရာ သာနာပြုအဖွဲ့မြှင့်တင်ရေး ..... စာ(၈)